# ပိုကောင်းသည့် ငြိမ်းချမ်းရေး လက်စွဲလမ်းညွှန်

ဒုတိယအကြိမ်၊ ၂၀၁၈ ခုနှစ်

*ကြားဝင်ဖျန်ဖြေမှု၊ ပဋိပက္ခကြိုတင်ကာကွယ်တားဆီးမှုနှင့်
ငြိမ်းချမ်းရေးတည်ဆောက်မှုအတွင်း အမျိုးသမီးငြိမ်းချမ်းရေး
တည်ဆောက်သူများနှင့် ကျား/မရေးရာ အမြင်သဘောထားများ
ထိထိရောက်ရောက် ထည့်သွင်းပါဝင်စေရေးအတွက် လက်တွေ့ကျသည့်
လုပ်ငန်းစဉ်များကို ပြင်ဆင်ပေးသည့် အများသုံးလက်စွဲလမ်းညွှန်*

*ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ပါ
စကားရပ်နှင့် အနှစ်သာရများ
လက်တွေ့အမှန်တကယ် ရုပ်လုံးပေါ်လာစေရန် အထောက်အကူပြုခြင်း*

**နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ လှုပ်ရှားမှုကွန်ရက်**

## ကျေးဇူးတင်လွှာ

ကျွန်ုပ်တို့အနေဖြင့် ဤလက်စွဲလမ်းညွှန် ရေးဆွဲပြင်ဆင်ရာ၌ အပြုသဘော ဆန်ဆန် သုံးသပ်တည်းဖြတ်ပေးခဲ့ကြသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကိုအထူး ကျေးဇူးတင် အပ်ပါသည်။ Ambassador Kåre Aas၊ Mr. Daniel De Torres၊ Dr. Scilla Elworthy၊ Ms. Rachel Gasser၊ Ms. Melinda Holmes၊ Senator Mobina Jaffer၊ Dr. Kathleen Kuehnast၊ Mr. Youssef Mahmoud၊ Dr. Joyce Neu၊ Professor John Packer၊ Ms. Antonia Potter-Prentice၊ Dr. Gay Rosenblum Kumar၊ Ms. Jolynn Shoemaker၊ Ms., Marita Sørheim-Rensvik၊ Ambassador Donald Steinberg၊ Ms. Tuija Talvitie နှင့် Mr. Callum Watson။

ထို့အပြင်ကျွန်ုပ်တို့အနေဖြင့် ဒီဇိုင်းပုံစံနှင့် ပါဝင်အကြောင်းအရာအတွက် အကြံဉာဏ် ပေးခဲ့ကြသူများနှင့် နီးနှောဖလှယ်ပွဲများ၌ တက်ရောက်ပါဝင်ပေးခဲ့ ကြသည့် အောက်ပါ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ Ms. Rina Amiri၊ Ms. France Bognon၊ Dr. Virginia Bouvier၊ Ms. Cate Buchanon၊ Ms. Mavic Cabrera Balleza၊ Mr. Robert Dann၊ Ambassador Tewolde Gebremeskel Redda၊ Ms. Danielle Goldberg၊ Ms. Amal Gorani၊ Mr. Stephen Jackson၊ Ms. Lone Jessen၊ Mr. Simon Mason၊ Ms. Sakuntala Kadirgamar၊ Ms. Karin Ryan၊ Ms. Elizabeth Scheper၊ Ms. Dewi Suralaga၊ Ms. Sanne Tielemans၊ Ms. Gina Torry၊ Ms. Nahla Valji နှင့် Ms. Teresa Whitfield။

ကျွန်ုပ်တို့အနေဖြင့် ပိုကောင်းသည့်ငြိမ်းချမ်းရေးလမ်းညွှန်လက်စွဲကို တရားဝင် ထောက်ခံ အတည်ပြုပေးခဲ့ကြသည့် Carter Center နှင့် Coalition for Action on 1325(ယူဂန်ဒါ)တို့ကိုလည်း အလေးအနက်ထားကျေးဇူးတင်ရှိပါကြောင်း အသိအမှတ်ပြုလိုသကဲ့သို့ တစ်လျှောက်လုံး စဉ်ဆက်မပြတ်လိုအပ်သလို ပံ့ပိုး ကူညီ ပေးခဲ့ကြသည့် Cordaid၊ The Norwegian Agency for Development Cooperation (Norad)၊ The Royal Norwegian Ministry of Foreign Affairs၊ Swiss Federal Department of Foreign Affairs နှင့် UN Women တို့ကိုပါ အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

## ပိုကောင်းသည့်ငြိမ်းချမ်းရေးခြေလှမ်းသစ်

အပြည်ပြည်ဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ လှုပ်ရှားမှုကွန်ရက်(ICAN) သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ကြားဝင်ဖျန်ဖြေရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများကိုထည့်သွင်းပါဝင်စေမည့်လက်တွေ့ ကျသည့် လမ်းညွှန်လက်စွဲတစ်ရပ်ကို ရေးဆွဲပြင်ဆင်နိုင်ရန် ပိုကောင်းသည့် ငြိမ်းချမ်းရေး ခြေလှမ်းသစ်ကို ၂၀၁၄ ခုနှစ်အတွင်းစတင် အကောင်အထည် ဖော်ခဲ့သည်။ သုတေသနပြုခြင်း၊ စည်းရုံးစုဝေးခြင်းနှင့် နီးနှောဖလှယ်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်ခြင်းဖြင့် စီမံကိန်းသည် ဘာကြောင့်ထည့်သွင်းပါ ဝင်စေရန် လိုအပ်သလဲဟူသည့် မေးခွန်းထက်ကျော်လွန်၍ ဘယ်လိုလေ့ကျင့် ဖော်ဆောင်နေသလဲဟု မေးမြန်းစုံစမ်းရန်နှင့် အမြဲတမ်းလိုလို တားဆီးပိတ်ပင် လျက်ရှိသည့် အခက်အခဲများကို ဖော်ထုတ်သတ်မှတ်ကာ ယင်းတို့ကို ရင်ဆိုင် ကျော်လွှားနိုင်မည့်မဟာဗျူဟာများကိုထိထိရောက်ရောက်ရေးဆွဲပြင်ဆင်သွားရန် ရည်မှန်းထား ပါသည်။

*ပိုကောင်းသည့် ငြိမ်းချမ်းရေးခြေလှမ်းသစ်ဆိုင်ရာ သတင်းအချက်အလက်များနှင့် ပိုကောင်းသည့် ငြိမ်းချမ်းရေးလမ်းညွှန်လက်စွဲဆိုင်ရာ အရင်းအမြစ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများအား ပိုမိုသိရှိလိုပါက www.icanpeacework.org ကိုဝင်ရောက်ကြည့် ရှု၍ #betterpeace လူမှုရေးမီဒီယာလိပ်စာ၌ ဝင်ရောက်လေ့လာနိုင်ပါသည်။*

## စီမံကိန်းအဖွဲ့

ဤစီမံကိန်းကို ICAN တွဲဖက်တည်ထောင်သူနှင့် အမှုဆောင် ဒါရိုက်တာဖြစ်သူ Sanam Naraghi Anderlini က ဦးဆောင်ဦးရွက်ပြုခဲ့ခြင်းဖြစ်သည်။ စီမံကိန်း စီမံခန့်ခွဲမှု၊ သုတေသနပြုမှုနှင့် မူကြမ်းပြင်ဆင်ရေးတို့အတွက် ယခင်က Madeline Koch ၏ အစီအစဉ်အရာရှိတစ်ဦးဖြစ်ခဲ့ဖူးသည့် အစီအစဉ်အရာရှိ Stephanie Breitsman နှင့် အကြီးတန်းအဖွဲ့ဝင် Andrea Ó Súilleabháin တို့က ပံ့ပိုးကူညီပေးခဲ့သည်။ မီဒီယာဒီဇိုင်းကို DHM Media Group ၏ အမှုဆောင် အရာရှိချုပ်နှင့် ဥက္ကဋ္ဌဖြစ်သူ Reagan Smith က ပြင်ဆင်ပေးခဲ့သည်။

ပိုကောင်းသည့်
ငြိမ်းချမ်းရေး
လက်စွဲလမ်းညွှန်

# မာတိကာ


**ခြုံငုံသုံးသပ်ချက်** ၁

**အပိုင်း (၁)** ၄

**၂၁ ရာစု သံခင်းတမန်ခင်း**

- သံခင်းတမန်ခင်း ပြောင်းလဲတိုးတက်လာမှု
- အမျိုးသမီးများ၏ ပန်းတိုင်များကို ပြောင်းလဲခြင်း
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ မည်သည့်နည်းလမ်းဖြင့် အားလုံးပါဝင်မှုရှိအောင် ဆောင်ရွက်မည်နည်း ဟူသည့် မေးခွန်းကို အဖြေရှာခြင်း

**အပိုင်း (၂)** ၂၉

**ပိုကောင်းသည့် ငြိမ်းချမ်းရေးလမ်းညွှန်လက်စွဲ**

အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စေ့စပ်ညှိနှိုင်းမှုများအတွက် လမ်းညွှန်ချက်

**အခန်း (၁)** ၃၂

**တွေ့လေ့တွေ့ထရှိသည့် အခက်အခဲများနှင့် ဆန်းသစ်သည့်ဖြေရှင်းရေးနည်းလမ်းများ**

- အားလုံးပါဝင်မှု ရှိသော ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် ထုံးတမ်းသာဓကသစ်များ
- လူမှုရေးအသိုက်အမြုံအလိုက် ပြုပြင်ပြောင်းလဲသွားစေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ
- ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲများနှင့် ရင်ဆိုင်ကျော်လွှားရေးနည်းလမ်းများ

    ၁. "ကျနော်တို့က အားလုံးကို ကိုယ်စားပြုပြီးသားဖြစ်တယ်"
    ၂. "ကြားဝင်ဖျန်ဖြေသူအနေနဲ့ အားလုံးကို တစ်ယောက်တည်း မလုပ်နိုင်ပါဘူး"
    ၃. "ဒါနဲ့ ဒီအမျိုးသမီးတွေက ဘယ်သူတွေတုန်း"
    ၄. "ဒါက အမျိုးသမီးတွေနဲ့ မသက်ဆိုင်ဘူး"
    ၅. "ဒီနေရာကို ကျမအရည်အချင်းနဲ့ ရောက်လာတာပါ"
    ၆. "အမျိုးသမီးတွေကို ခွဲခြားဖယ်ထုတ်ထားတာက ယဉ်ကျေးမှုလိုဖြစ်နေပြီ"

**အခန်း (၂)** ၅၁

**ပိုကောင်းသည့် ငြိမ်းချမ်းရေးအတွက် လမ်းညွှန်နယ်ပယ်လေးခု** - အားလုံးပါဝင်မှုကို အသက်သွင်းဖို့ နီးကြားသတိရှိတဲ့ ခြေလှမ်းများ

- ကြားဝင်ဖျန်ဖြေမှုအခင်းအကျင်းကို တီးခေါက်လေ့လာခြင်း
- အားလုံးပါဝင်မှုအတွက် နိုင်ငံရေးအရ အထောက်အကူပြုခြင်း
- နည်းပညာအကူအညီပေးခြင်း
- လိုအပ်သည့် ငွေကြေးနှင့် ထောက်ကူပြုအထောက်အပံ့များပေးအပ်ခြင်း

**သုံးသပ်နိဂုံးချုပ်ခြင်း** ၆၃

**အလေ့အထများနှင့် စံနမူနာများကို ပြောင်းလဲခြင်း**

**ဇယားကွက်များ**

*ဇယားကွက် (၁) ဖြည့်စွက်တန်ဖိုး - ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများအတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်း* ၁၆

*ဇယားကွက် (၂) အမျိုးသမီးတွေ ဘာပြောနေလဲ - ပူးပေါင်းပါဝင်မှုနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅* ၂၅

*ဇယားကွက် (၃) စံသတ်မှတ်ချက်နမူနာ ကြားဝင်ဖျန်ဖြေမှုကို ဖော်ဆောင်မည့် အရပ်ဖက်လူမှုအဖွဲ့အစည်းကို ဖော်ထုတ်သတ်မှတ်ရန်* ၄၂

*ဇယားကွက် (၄) အလေ့အထကောင်းများ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များကို ရွေးချယ်သတ်မှတ်ရန်* ၅၇

**ပူးတွဲဖိုင်များ**

**ပူးတွဲဖိုင် (၁)**

အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ

**ပူးတွဲဖိုင် (၂)**

တွေ့ဆုံဆွေးနွေးခဲ့သည့် မိတ်ဖက်များနှင့် အဖွဲ့အစည်းများ

**ပူးတွဲဖိုင် (၃)**

အသုံးဝင်သည့် အရင်းအမြစ်များ

## ခြုံငုံသုံးသပ်ချက်

ခေတ်သစ်စစ်ပွဲများ၏ ခက်ခဲရှုပ်ထွေးမှုများ ပိုမိုကျယ်ပြန့်လာခြင်းနှင့် ဇာတ်ကောင်ပေါင်း သောင်းခြောက်ထောင် တိုးပွားလာခြင်းတို့ကြောင့် စစ်ပွဲများကိုကြိုတင်ကာကွယ်တားဆီးရန်နှင့် ဖျန်ဖြေရန်အတွက် ချဉ်းကပ် ဆောင်ရွက်မှု နည်းလမ်းသစ်များလိုအပ်လာခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာ၌အစိုးရနှင့်အစိုးရမဟုတ်သည့် လက်နက်ကိုင် ဇာတ်ကောင်များ မဖြစ်မနေပါဝင်ဆောင်ရွက်ရန် လိုအပ်သည်မှန်သော်လည်း အစွန့်ရှည် တည်တံ့ခိုင်မြဲ သည့် ငြိမ်းချမ်းရေးကို ဦးတည်ရည်မှန်းထားပါက ၎င်းတို့ချည်း သက်သက် ဖြင့် လုံလောက်မှုမရှိတော့ပေ။

အလွန်အကြမ်းဖက်မှု ပြင်းထန်သည့် အခင်းအကျင်းများ၌ပင် အရပ်ဖက်လူထုအဖွဲ့ဝင်များသည် အထူးသဖြင့် အမျိုးသမီးများသည် မိမိတို့၏တန်ဖိုး ထားမှုများနှင့် ခိုင်ကြည်ပြတ်သားသည့် ခံယူချက်များအပေါ် အားကိုးအားထား ပြု၍ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေး အတွက် ရှေ့ထွက်၍ ထုတ်ဖော်ပြောဆိုကာ တိုက်ပွဲဝင်ရဲသည့် သတ္တိကိုရှာဖွေတွေ့ရှိလေ့ရှိသည်။ အမျိုးသမီးများ၌ လက်လျှော့ထွက်ခွာမည့် မဟာဗျူဟာမရှိသော်လည်း လူမှုရေး တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ကို ခြေကုပ်ယူထားသည့် လူ့ဘောင် အသိုက်အဝန်းများကို မျှော်လင့်သည့် ရည်မှန်းချက်တော့ရှိကြ သည်။ ထို့အပြင် ၎င်းတို့သည် တိုက်ပွဲနယ်မြေဒေသများ၌ ရှင်သန်နေထိုင်ရသည့် ဘဝများနှင့် ပတ်သက်၍ လက်တွေ့ခံစားခဲ့ကြရသည့် အတွေ့အကြုံနှင့် မြေပြင် ပကတိအခြေအနေများအပေါ် နားလည်သဘောပေါက်မှု အရှိဆုံးဖြစ်ပြီး ပေါ်ပေါက်လာသည့် လုံခြုံရေးအန္တရာယ်များမှသည် အစွန်းရောက်သွားခြင်း မရှိစေရန် ထိထိရောက်ရောက် ကာကွယ်တားဆီး၍ ငြိမ်းချမ်းရေးဖော်ဆောင်မှုအထိ အလွန်အရေးပါသည့်ရင်းမြစ်များ ဖြစ်ကြသည်။ သုတေသနတွေ့ရှိချက်များ ကလည်း၎င်းတို့၏ ထောက်ပံ့ပါဝင်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အတွင်းရှိ အလွန်အရေးကြီးသည့် ၎င်းတို့၏ အခန်းကဏ္ဍကို ထပ်လောင်းအတည်ပြုပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုကို လုံခြုံရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များအဖြစ်သာ သဘောထားသည့် ကျဉ်းမြောင်းသော အယူအဆမှသည် အားလုံး ပါဝင်မှုရှိရန်လိုအပ်သည့် လူမှုရေးလုပ်ငန်းစဉ်များအဖြစ် လက်ခံအသိအမှတ်ပြုမှု ဆီသို့ ပြောင်းလဲသွားစေမည့် စံနမူနာတစ်ရပ်ရှိရန် လိုအပ်သည်။ လက်တွေ့လိုက်ပါ ဖော်ဆောင်သည့် အပြောင်းအလဲများ ဖြစ်ရန်လည်းလိုအပ်သည်။

ပိုကောင်းသည့် ငြိမ်းချမ်းရေးလမ်းညွှန်လက်စွဲ၌ ကျား/မရေးရာ သဘောတရားများနှင့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများအား အဓိပ္ပာယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်စေရန်အတွက် လက်တွေ့ကျကျ လမ်းညွှန်ပေးခြင်းအားဖြင့် လုပ်ကိုင်ဆောင်ရွက်ပုံကို ဖော်ပြထားသည်။ အပိုင်း(၁)၌ မျက်မှောက်ခေတ် ကာလငြိမ်းချမ်းရေးဖော်ဆောင်မှု၏ သမိုင်းနောက်ခံ အခင်းအကျင်းနှင့်ဆင့်ကဲ ပြောင်းလဲတိုးတက်မှုပုံစံကို ထင်ဟပ်ဖော်ပြထားသည်။ အပိုင်း(၂)၌ ပိုကောင်းသည့် ငြိမ်းချမ်းရေး လက်စွဲလမ်းညွှန်ကို အခန်း(၂)ခန်းဖြင့် ခွဲခြားဖော်ပြထားသည်။ အခန်း(၁)သည် အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများကိုထည့်သွင်းပါဝင်စေရာ၌ ကြုံတွေ့ရလေ့ရှိသည့် အဓိက စိန်ခေါ်မှုခြောက်ခုကို ကိုင်တွယ်ဖြေရှင်းခြင်းဖြစ်ပြီး အခန်း(၂)၌ သဘောတရားပိုင်းဆိုင်ရာ အပြောင်းအလဲများ၊ နိုင်ငံရေး၊ နည်းပညာနှင့် ထောက်ပံ့ကူညီရေး/ငွေကြေးအထောက်အပံ့ လိုအပ်ချက်များကို မီးမောင်းထိုးပြထားသည့် ကျယ်ပြန့်ပြည့်စုံသော အပိုင်းလေးပိုင်းပါမူဘောင် တစ်ရပ်ကို ရှင်းလင်းဖော်ပြ ထားသည်။




### ဘယ်သူတွေက "အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူတွေလဲ"

"အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများ" သည် အကြမ်းမဖက်ရေးမူကို လက်ကိုင်ထားသည့် တစ်ဦးပုဂ္ဂလ အမျိုးသမီးနှင့်အမျိုးသမီး ဦးစီးခေါင်းဆောင်သည့် အဖွဲ့အစည်းများကို ရည်ညွှန်းခြင်း ဖြစ်ပြီး ၎င်းတို့သည် ငြိမ်းချမ်းရေး စကားဝိုင်းများ ပေါ်ပေါက်လာရန်လိုလား၍ လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးကိုထောက်ခံအားပေးသူများဖြစ်ကြသည်။ အချို့သည်တရားမျှတမှုရှိရေး စည်းရုံးလှုပ်ရှားသူများဖြစ်ပြီး အချို့သည် လက်နက်ကိုင်ပဋိပက္ခ ၏ သက်ရောက် ထိခိုက်မှုများကို ကုစားပေး၍ ကျား/မ ရေးရာ သဘောတရား

ပါဝင်သည့် ငြိမ်းချမ်းရေးကိုအားပေး မြှင့်တင်ရန် လုပ်ကိုင်ဆောင်ရွက် လျက်ရှိသည်။ အများအားဖြင့် အမျိုးသမီးများသည် ငြိမ်းချမ်းရေးဆွေးနွေး ကြရန် ဦးစွာတောင်းဆိုသူများဖြစ်လေ့ရှိသော်လည်း ဖယ်ကျဉ်ခံထားကြရဆဲပင်ဖြစ်သည်။ (စာမျက်နှာ(၁၄)ရှိ ဇယားကွက်(၃)ပါ အရပ်ဖက်လူမှုအဖွဲ့အစည်း ရွေးချယ်သတ်မှတ်ရေး စံနမူနာများကို ကြည့်ရှုပါ။)

## အပိုင်း (၁)

## ၂၁ ရာစု သံခင်းတမန်ခင်း - အာဏာခွဲဝေရေးမှသည် တာဝန်ခွဲဝေထမ်းဆောင်ရေးဆီသို့

Sanam Naraghi Anderlini

သမိုင်းအစဉ်အဆက် စစ်ပွဲနှင့် ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲများသည် အခွင့်ထူးခံ နိုင်ငံရေးနှင့် စစ်တပ်ပိုင်းဆိုင်ရာဇတ်ကောင်များ ကြီးစိုးလျက်ရှိသည့် နယ်ပယ်အတွင်းသာ အထူးသီးသန့်ဆွေးနွေးရသည့် ကျဉ်းမြောင်းသော လုပ်ငန်းစဉ်များဖြစ်နေခဲ့သည်။ သို့သော်လည်း ကုန်လွန်ခဲ့သည့် ဆယ်စုနှစ် ကာလများကစစ်ပွဲနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုအတွက် တမူထူးသည့် အပြောင်းအလဲများကို ဆောင်ကျဉ်း လာခဲ့သည်။ ရှေ့ဆယ်စုနှစ်က တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြားဖြစ်ပွားခဲ့သည့် စစ်ပွဲအရေအတွက်များ လျော့နည်းကျဆင်း လာခဲ့သော်လည်း ယခုအချိန်၌ တွေ့မြင်နေရသည့် လက်နက်ကိုင် ပဋိပက္ခများသည် ရှေးယခင်ကာလများထက် ပိုမို ကျယ်ပြန့်ရှုပ်ထွေးလာခဲ့သည်။ စစ်အေးကာလ နိဂုံးချုပ်သွားခြင်းက ပြည်တွင်းပဋိပက္ခနှင့် နယ်စပ်ဖြတ်ကျော်သည့် လက်နက်ကိုင်ပဋိပက္ခများကို တိုးပွား လာစေခဲ့သည်။[1]

နိုင်ငံတကာနှင့်ပြည်တွင်းလုံခြုံရေးတပ်ဖွဲ့များ၊တိုက်ဒေသအလိုက်ရှိနေသည့်သြဇာအာဏာများနှင့် လက်ဝယ်ခံများ၊ အစိုးရမဟုတ်သည့် ပြည်တွင်းလက်နက်ကိုင် အင်အားစုများနှင့် နိုင်ငံတစ်ခုခုသို့ စေလွှတ်တိုက်ခိုက်ရန် အခြားနိုင်ငံတစ်ခု၌ ရွေးချယ်စုဆောင်းသည့် နယ်စည်းမထား လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်သည့် လက်နက်ကိုင် တပ်ဖွဲ့ပေါင်းမျိုးစုံ တစ်ဟုန်ထိုးပျံ့ပွား လာခြင်းနှင့်အတူ တရားဝင်ပြဋ္ဌာန်းချက်ဘောင်ပြင်ပ၌ ဖော်ဆောင်သည့် 'ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး သို့မဟုတ် အကြမ်းဖက်မှုပုံစံမျိုးစုံ' ပေါ်ပေါက်လာခဲ့သည်။[2] အများအပြားသည် အောက်ခြေ လူထုလူတန်းစားများအား တာဝန်ခံခြင်းမရှိဘဲ အဆက်အစပ် မရှိသလောက် ပုံစံမျိုးဖြင့် မိမိတို့ကိုယ်ပိုင် အစီအစဉ်နှင့် ရည်မှန်းချက်အတိုင်း လျှောက်လှမ်းလျက် ရှိသည်။ အချို့သည် ဒုစရိုက်ဂိုဏ်းတစ်စိတ်တစ်ပိုင်း ဖြစ်နေပြီး မူးယစ်ဆေးဝါးများ၊ လက်နက်များ၊ လူသားများ သို့မဟုတ် အဖိုးတန်အရင်းအမြစ်များကို ကုန်ကူးခြင်းဖြင့် အဖွဲ့အစည်းကို ငွေကြေးထောက်ပံ့လျက် ရှိသည်။ ကျန်

1. Mary Kaldor, New and Old Wars: Organized Violence in a Global Era (Malden: Polity, 2012, 3rd ed.); World Bank, World Development Report 2011 (Washington, DC: 2011).
2. Institute for Economics and Peace, Global Terrorism Index 2014 (Sydney: 2014); Martin Griffiths and Teresa Whitfield, "Mediation 10 Years On: Challenges and Opportunities for Peacemaking," Centre for Humanitarian Dialogue (2010).

အဖွဲ့အစည်းများသည် လုံခြုံရေးဆိုင်ရာ ယိုပေါက်များမှ အကျိုးအမြတ်ရရှိနေကြသည့် နယ်ခံပြည်သူ့စစ်တပ်ဖွဲ့များနှင့် ဂိုဏ်းဂဏအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးအရ လက်ဝါးကြီးအုပ်ခြယ် လှယ်လိုသူများဖြစ်နေသည်။ ၎င်းတို့သည့် ဆက်ကြေးကောက်ခံခြင်း၊ ဝန်ဆောင်မှုရောင်းချခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းအားဖြင့်မိမိတို့၏ပိုင်နက်နယ်မြေများကိုတည်ဆောက်ကြသည်။အများအပြားသည် အမျိုးသမီးများနှင့်ပတ်သက်၍ ခေတ်နောက်ပြန်ဆွဲသော စိတ်ကူးစိတ်သန်းများကို တိတိပပ ကျင့်သုံးနေကြဆဲဖြစ်သည်။ ၎င်းတို့သည် အမျိုးသမီးများ၏ ပညာရေး အခွင့်အလမ်းနှင့် လူမှုဘဝတို့ကိုအဟန့်အတားပြုလျက် ရှိသည့်အပြင် လောကီ ဓလေ့ထုံးတမ်း ဖောက်ဖျက်မှု အတွက်အမျိုးသမီးများကို ကြီးလေးပြင်းထန် သည့် ပြစ်ဒဏ်စီရင်လေ့ရှိပြီး ဥပဒေကန့်သတ်ချက်များ အားဖြင့်သော်လည်းကောင်း လိင်ကျွန်ပြု ခိုင်းစေခြင်းကဲ့သို့သော ကိုယ်ထိလက်ရောက်ကျူးလွန်မှုများအားဖြင့် သော်လည်းကောင်း အမျိုးသမီးများအပေါ် အကြမ်းဖက်၍ ပြောင်ကျကျပင် ဖိနှိပ်ချုပ် ခြယ်ထားကြသည်။ တော်လှန်ရေး အင်အားစုများ၊ အစွန်းရောက် အကြမ်းဖက် ရေးလှုပ်ရှားမှုများနှင့် ကြိုတင်ကြံစည်ကျူးလွန်သည့် ရာဇဝတ်မှုအကြား ကြောင်းကျိုး ဆက်စပ်ဖြစ်ပေါ်မှုများသည်လည်း နယ်စပ်ဖြတ်ကျော် ဖြစ်ပွားမှုနှုန်း တစ်စတစ်စမြင့် တက်လာသည်။ ပုဂ္ဂလိက ကဏ္ဍသည်လည်း အထူးသဖြင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပါဝင်လာသည့်အခါ အလွန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကပြ လျက်ရှိသည်။

## ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဆင့်ကဲပြောင်းလဲတိုးတက်ပုံ

အများအားဖြင့် အစိုးရ၏ ထိရောက်သည့် လူထုဝန်ဆောင်မှုလုပ်ငန်းများမရှိသည့် သို့မဟုတ် အဖက်ဖက်မှ ဖိနှိပ်ချုပ်ခြယ်ထားသည့် အစိုးရမျိုးရှိနေသည့် အခြေအနေမျိုး၌ ဤကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ရန် ရပ်ရွာအဆင့်၊ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာမျက်နှာစာ၌ တက်ကြွလှုပ်ရှားလျက်ရှိသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ သို့မဟုတ်အစိုးရမဟုတ်သည့် လက်နက်မဲ့ဇာတ်ကောင်များ ပေါ်ထွန်းလာပြီး အရှိန်အဟုန်ရလာသည်။နိုင်ငံတကာနှင့်တိုက်ဒေသကြီးအလိုက်ကွန်ရက်များမှသည်ကျယ်ပြန့်သည့် ထွန်းသစ်စလူထုလှုပ်ရှားမှုများအထိ သာမန်အများ ပြည်သူများသည်မကြာ ခဏဆိုသလို အလွန်အရဲစွန့်ရမှု အန္တရာယ်မြင့်မားသည့်ပုံစံဖြင့် အကြမ်းဖက်မှုနှင့် ဖိနှိပ်ချုပ်ခြယ်မှုများကို ရင်ဆိုင်အံတုရန် ရှေ့ထွက်လာလေ့ရှိ သည်။[3]

3. See Sarah E. Mendelson, “Why Governments Target Civil Society and What Can Be Done About in Response,” Center for Strategic and International Studies (April 2015).

*နှစ်ပေါင်း ၂၅၀၀ မျှ အမျိုးသားများကြီးစိုးသည့် စစ်ဖက်နှင့် နိုင်ငံရေး ဆိုင်ရာ ရေပေါ်ဆီလူတန်းစားများကသာ စစ်နှင့် ငြိမ်းချမ်းရေးကို အဆုံးအဖြတ်ပေးခဲ့ကြသော်လည်း စစ်ပွဲ၏ သဘောသဘာဝ ပြောင်းလဲလာသည်နှင့် အမျှ ငြိမ်းချမ်းရေးဖော်ဆောင်မှု ပုံစံကိုလည်း ပြောင်းလဲပစ်ရန်လိုအပ်လာသည်။*

လွန်ခဲ့သည့် ဆယ်စုနှစ်ကာလနှစ်ခုမျှ ပဋိပက္ခဖျန်ဖြေရေးနှင့် အသွင်ပြောင်းလဲရေး နယ်ပယ်သည် ပညာသင်ဆုနှင့် လက်တွေ့ဖော်ဆောင်မှုအားဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အစိုးရပိုင်းနှင့် အထူးသဖြင့်အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများသည် ယခင်က ပထမအဆင့် သံတမန်လမ်းကြောင်း၌ လုပ်ကိုင်ဆောင်ရွက် ခြင်းအားဖြင့် မိမိတို့၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ကြားဝင်ဖျန်ဖြေမှုနှင့် ပဋိပက္ခ ဖျန်ဖြေရေးဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများပြောင်းလဲ တိုးတက်လာစေရန် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အပြင် ပိုမိုအလွတ်သဘောဆန်သည့် ဒုတိယအဆင့် သံတမန်လမ်းကြောင်း(အရေးပါသည်ထက်အရေးပါလာသော)နှင့်ရပ်ရွာအခြေပြုချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းသစ်များကိုပါ အလေးပေးဆောင်ရွက်လာကြသည်။

ထို့အပြင် ကြားဝင်ဖျန်ဖြေခြင်းနှင့် ပဋိပက္ခဖျန်ဖြေရေး နယ်ပယ်အတွင်းပါဝင်လျက်ရှိသည့် ဇာတ်ကောင်များသည်လည်း ပုံစံအမျိုးမျိုးဖြင့် တိုးတက်များပြားလာလျက်ရှိသည်။ အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုသည် ပဋိပက္ခဇာတ်ကောင်များ၏ အဓိကကျောရိုး ဒေါက်တိုင်ဖြစ်ခဲ့ကြပြီး ငြိမ်းချမ်းရေးကို အားပေးအားမြှောက်ပြုရန် အာဏာချိန်ခွင်လျှာ ညှိခဲ့ကြသည့် စစ်အေးကာလ တွင်းကဲ့သို့ပင် ယနေ့ခေတ်တွင်လည်း အစိုးရများနှင့် တိုက်ဒေသကြီးအလိုက် အဖွဲ့အစည်းများကလည်း ကြားဝင်ဖျန်ဖြေခြင်းနှင့် ငြိမ်းချမ်း ရေးဆွေးနွေးပွဲများကို လက်ခံကျင်းပပေးခြင်းအားဖြင့် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများ အသိအမှတ်ပြုခံရရန် အပြိုင်အဆိုင် ဖြစ်နေကြသည်။ စီးပွားရေးလုပ်ငန်းစုများမှသည် ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ နိုင်ငံတကာ NGOများနှင့် တစ်သီးပုဂ္ဂလများကဲ့သို့သော အလွှာပေါင်းစုံမှ အစိုးရမဟုတ်သည့် ဇာတ်ကောင်များသည်လည်း ကြားဝင်ဖျန်ဖြေခြင်းနှင့် ပဋိပက္ခဖျန်ဖြေရေးလုပ်ငန်းများ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။[4]

ပြည်တွင်း၌လည်း အနှောင်အဖွဲ့ကင်း၍ လွတ်လပ်သည့် အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးအခြေပြု အဖွဲ့အစည်းများ ပေါ်ထွန်းလာခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲလာခဲ့ကြသည့် လက်တင်

4. See Peter Wallensteen and Isak Svensson, “Talking Peace: International Mediation in Armed Conflicts,” Journal of Peace Research (2014), vol. 51: no. 2.

အမေရိကန်၌လည်း လူ့အခွင့်အရေးနှင့် တရားမျှတမှုအတွက် လက်နက်ကိုင်ထားခြင်းမရှိသည့် အရပ်ဖက်လူထုလှုပ်ရှားမှုများက ရှေ့တန်းမှနေ၍ဦးဆောင်တောင်းဆိုလာကြသည်။ အာဖရိကတိုက်တစ်နံတစ်လျား၌လည်းအကြမ်းဖက်မှုကိုကာကွယ်တားဆီး၍ လျှော့ချရေးအတွက် ငြိမ်းချမ်းရေး ကွန်ရက်များနှင့် ပဋိပက္ခဖျန်ဖြေရေးအဖွဲ့အစည်းများက အရေးပါသည့်အခန်း ကဏ္ဍမှ ပါဝင်ကပြခဲ့ကြသည်။ ပဋိပက္ခအသွင်ပြောင်းလဲရေး သဘောတရားဖြစ်သည့် အကြမ်းဖက်ရေးဆီသို့ ပြန်လည်ဦးလှည့်စေခြင်းမရှိဘဲ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကိုနည်းလမ်းပေါင်းစုံဖြင့်လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးခဲ့ကြသည်။ တောင်အာဖရိကနိုင်ငံနှင့် ကင်ညာနိုင်ငံများ၌ မတူကွဲပြားသည့်လူထုလူတန်းစား အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ ဦးစီးခေါင်းဆောင်သည့် ငြိမ်းချမ်းရေး ကော်မတီများကို အကြမ်းဖက်မှုနှင့် တင်းမာမှုများကို လျှော့ချရန်လေ့ကျင့် သင်ကြားပေးခဲ့ကြသည်။[5] လိုင်ဘေးရီးယားနိုင်ငံ၌ အိမ်တွင်း အကြမ်းဖက်မှု အပါအဝင် ဒေသတွင်း အငြင်းပွားမှုများကို ထုတ်ဖော်ပြောဆို၍ ဖြေရှင်းနိုင်စေမည့် အဝန်းအဝိုင်းတစ်ရပ်ကို Palava Huts က ဖော်ထုတ်ပေးအပ်ခဲ့သည်။[6] ဆီနီဂေါနိုင်ငံ၌ တိုက်ဒေသကြီး အဖွဲ့အစည်းတစ်ခုဖြစ်သည့် NGO Femmes Africa Solidarité က ဦးစီးခေါင်းဆောင်သည့် Women’s Situation Room သည် ရွေးကောက်ပွဲနှင့် ဆက်နွယ်ပတ်သက်သည့် အကြမ်းဖက်မှုကိုကိုင်တွယ် ထိန်းချုပ်ရာ၌ အဓိက ဒေါက်တိုင် တစ်ရပ်ဖြစ်ခဲ့သည်။[7] အကြမ်းဖက်မှုအလယ် ရောက်ရှိနေသည့် ဆီးရီးယား၌ပင် သန္ဓေတည်စ ငြိမ်းချမ်းရေးအဖွဲ့အစည်းများသည် နယ်မြေတွင်းကြားဝင်ဖျန်ဖြေရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိပြီး စစ်ပွဲတွင်း မြေစာပင်ဖြစ်ခဲ့ရသူများကို ကူညီစောင်မ၍ နိုင်ငံတကာအဆင့် မူဝါဒ အပြောင်းအလဲများဖြစ်ပေါ်လာစေရန် စည်းရုံးလှုံ့ဆော်နိုင်သည့် စွမ်းရည်များကို တည်ဆောက်လျက်ရှိသည်။[8]

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၌ အရင်းအမြစ်နည်းပါး၍ သမားရိုးကျ သတ်မှတ်ထားသည့် ‘အမာစားသြဇာအာဏာ’ မျိုး မရှိသကဲ့သို့ယူဆရ သော်လည်း ၎င်းတို့သည် အပျော့စားသြဇာအာဏာဆိုင်ရာ စွမ်းဆောင်ရည်များ၏ အရေးပါမှုကို

5. See Andries Odendaal, A Crucial Link: Local Peace Committees and National Peacebuiliding, United States Institute of Peace (2013).
6. See Ezekiel Pajibo, “Traditional Justice Mechanisms: The Liberian Case,” Institute for Democracy and Electoral Systems (Stockholm: International IDEA, 2008).
7. See “Women’s Situation Room,” UN Women West and Central Africa, http://www.unwomenwestandcentralafrica.com/womens-situation-room.html.
8. See Craig Charney, “Maybe We Can Reach A Solution: Syrian Perspectives on the Conflict and Local Initiatives for Peace, Justice, and Reconciliation,” Syria Justice and Accountability Center, http://syrianperspectives2015.pressbooks.com/ (2015).

အပြည့်အဝ ထင်ဟပ်စေလျက်ရှိသည်။ ၎င်းတို့သည် အစိုးရအနေဖြင့်ရင်ဆိုင်ကြုံတွေ့ရ လျက်ရှိသည့် အခက်အခဲများကို ကြုံတွေ့ရခြင်းမရှိဘဲ နည်းပညာ သစ်များနှင့် လူမှုကွန်ရက်များကို တစ်စိတ်တစ်ပိုင်း အသုံးပြု၍အလွှာပေါင်းစုံမှ နယ်ခံလူထုလူတန်းစားများကိုကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ ချိတ်ဆက်ဆောင် ရွက်နိုင်ကြသည်။ ၎င်းတို့သည် လူထုလူတန်းစားများအကြား အပြန်အလှန် ယုံကြည်မှုနှင့် မိမိကိုယ်ကိုယုံကြည် စိတ်ချမှုတည်ဆောက်ခြင်း၊ မတူကွဲပြားသည့် ဒေသတစ်လွှား အတွေ့အကြုံများကို နီးနှောဖလှယ်ပေးခြင်းနှင့် လားရာ ဦးတည်ချက်များကို ထိန်းကျောင်းပဲ့ကိုင်ပေးခြင်းတို့ကို အလေးပေးအာရုံစိုက်နိုင်ပြီး ပြဿနာဖြေရှင်းရေး အသားပေး မဟာဗျူဟာများကို ပံ့ပိုးကူညီပေးနိုင်သည်။ အစွန်းရောက်ဝါဒ ပျံ့နှံ့စိမ့်ဝင်မှုနှင့်ပတ်သက်လာပါကလည်း၎င်းတို့သည်မတူကွဲပြားမှုအကြားငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အဝန်းအဝိုင်းအခွန့်ရှည် တည်တံ့မှု ရှိစေရန် ဝိုင်းဝန်းထိန်းကျောင်းပေးနိုင်သည်။

## သံခင်းတမန်ခင်းပြောင်းလဲတိုးတက်မှုအဆင့်ဆင့် - အရှိတရားသစ်များကို လက်တွေ့ကျကျ တုန့်ပြန် ဆောင်ရွက်မှုများ

ဤအရှိတရားများကို ရင်ဆိုင်အံ့တုရန် နိုင်ငံတကာသံသမန်အသိုက်အဝန်းသည်လည်း မိမိတို့၏ အလေ့အကျင့်များကို လိုက်လျောညီထွေ မွမ်းမံပြင်ဆင်ခဲ့ကြသည်။ အရေးပါသည့် တိုးတက်ပြောင်းလဲမှုတစ်ခုမှာ အစိုးရများနှင့် နိုင်ငံစုံအဖွဲ့အစည်းများမှ အစိုးရမဟုတ်သည့် လက်နက်ကိုင် တပ်ဖွဲ့များကို အသိအမှတ်ပြု၍ တိုက်ရိုက် ထိတွေ့ဆောင်ရွက်ရန် ပိုမိုစိတ်လိုလက်ရရှိလာခြင်းပင်ဖြစ်သည်။ ၁၉၉၀ ခုနှစ် အစောပိုင်းကာလ၌အစိုးရ မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များ (ဥပမာ၊ မိုဇမ်ဘစ် နိုင်ငံရှိ RENAMO၊ ဆီရာလိုင်ယွန်နယ်ရှိ RUF/SL၊ သို့မဟုတ် အယ်ဆဲလ်ဗာဒေါရှိFMLN)နှင့်အပြန်အလှန်ထိတွေ့ဆောင်ရွက်ရန်ကုလသမဂ္ဂနှင့် တိုက် ဒေသအလိုက် အစိုးရများပါဝင်သည့် အဖွဲ့အစည်းများအတွက် အလွန်စိန်ခေါ်မှု ပြင်းထန်ခဲ့သည်။ ယင်းကာလများ၌သာမက ယခုအချိန်ထိပါ အချို့သော နယ်ပယ်များ၌ ဤကဲ့သို့သော အလေ့အထများက ကုလသမဂ္ဂစနစ်၏ ပင်မမဏ္ဍိုင်ကြီး တစ်ရပ်ဖြစ်သည့် ကြားဝင်စွက်ဖက်မှုမပြုရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာရေး အခြေခံမှုကိုစိန်ခေါ် လာနိုင်သည်ဟု စိုးရိမ်ပူပန်ခဲ့ကြသည်။ ထိုကဲ့သို့ အင်အားစုများကို တရားဝင် နေရာပေးခြင်း သို့မဟုတ် ‘အစွန်းရောက် အကြမ်းဖက်သမားများနှင့် စေ့စပ်ညှိနှိုင်းခြင်း’ နှင့်ပတ်သက်၍ စိုးရိမ်တကြီးဖြင့် အချေအတင် ဆွေးနွေးမှုအများအပြား ပြုလုပ်ခဲ့ကြသည်။

မည်သို့ဆိုစေ လွန်ခဲ့သည့်ဆယ်စုနှစ်၌ တင်းကျပ်သည့် ပိတ်ဆို့ အရေးယူမှုများနှင့် အစွန်းရောက်အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ဖျက်ရေး မူဝါဒများချမှတ်ဖော်ဆောင်ခဲ့လင့်ကစား လက်တွေ့ အကျိုးမျှော်ဝါဒသာလျှင် အောင်ပန်းဆင်ခဲ့သည်။ ဆက်လက် ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းပဋိပက္ခတွင်းရှိအကြမ်းဖက်မှုကို အဆုံးသတ်လိုပါက အမြဲတမ်းလိုလို နည်းပါးလွန်းလှသည့် ရွေးချယ်စရာနည်းလမ်းများထဲမှ နိုင်ငံတကာ အစွန်းရောက်အကြမ်းဖက်သမား စာရင်းဝင်သူများ အပါအဝင် အစိုးရမဟုတ်သူများဖြစ်စေ သို့မဟုတ် အစိုးရပင် ဖြစ်နေပါစေ လက်နက်ကိုင်ဆောင်ထားပါက ယင်းဇာတ်ကောင်များနှင့် မဖြစ်မနေထိတွေ့ဆက်ဆံရန် လိုအပ်သည်ဟု အဆင့်မြင့် ထိပ်သီးဇာတ်ကောင်များ အသိအမှတ်ပြုထားကြသည်။ အချို့သော အခြေအနေများ၌ ဤခြေလှမ်းသည် လက်ဝဲယိမ်းလက်နက်ကိုင် လှုပ်ရှားမှုများ ဆိတ်သုဉ်းလာခြင်းနှင့် ဆိုဗီယက်ပြည်ထောင်စု၏ အထောက်အပံ့ ရုပ်သိမ်းလာခြင်းကြောင့် ပို၍အလျင်အမြန်ရုပ်လုံး ပေါ်လာခဲ့သည်။ ဥပမာအားဖြင့် ၁၉၉၀ခုနှစ် အတွင်း လက်တင်အမေရိကနှင့် အာဖရိကရှိ အဆိုပါ အင်အားစုများမှ စေ့စပ်ညှိနှိုင်းမှုများ စတင်ပြုလုပ်လာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစံချိန်စံနှုန်းများသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပြီး အစိုးရမဟုတ်သည့် အင်အားစုအများအပြား၏ အထူးသဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင် လျက်ရှိသူများ၏ တောင်းဆိုချက်များနှင့်ဆုံးရှုံးနစ်နာမှုများကို တရားဝင် ထည့်သွင်းစဉ်းစားပေးနိုင်သည့် မူဘောင်တစ်ရပ်ကို ဖော်ထုတ် ပေးအပ်ခဲ့သည်။

အစိုးရမဟုတ်သည့် လက်နက်ကိုင် အင်အားစုများနှင့် ထိတွေ့ ဆက်ဆံရုံမျှမက နိုင်ငံတကာ အသိုက်အဝန်းသည် တွေ့ဆုံဆွေးနွေးမှုများအတွင်း 'ကစားပွဲချိန်ခွင်လျှာညီစေရန်' အထောက်အကူပြုသည့် အခြေခံအထောက်အပံ့များကိုပါစတင်ပေးအပ် လာကြသည်။ ယနေ့အချိန်၌ ကြားဝင်ဖျန်ဖြေပေးရန်ကြိုးပမ်းလျက်ရှိသည် ကုလသမဂ္ဂနှင့်အစိုးရပေါင်းများစွာသည် အစိုးရမဟုတ်သည့် လက်နက်ကိုင် အင်အားစုများ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ တက်ရောက် ပါဝင်လာ စေရန်အားပေး တိုက်တွန်းသည့်အနေဖြင့် နည်းပညာ အကူအညီများ၊လုံခြုံရေးဆိုင်ရာ အာမခံချက်များ၊ ထောက်ပံ့ပို့ဆောင်ရေး အကူအညီများအပြင် ငွေကြေးအထောက်အပံ့များကို ပင်ဖော်ထုတ်ပေး အပ်နေကြပြီဖြစ်သည်။ အကျိုးစီးပွားနှင့်ပတ်သက်၍မူ နှစ်ဖက်ကြားနေပင်ဖြစ်သည်။ ကုလသမဂ္ဂကို အစိုးရများမှပေါက်ဖွားလာသည့်အဖွဲ့အစည်း တစ်ရပ်အဖြစ်အယုံအကြည် ကင်းမဲ့ခဲ့သည့် အစိုးရ မဟုတ်သည့် အင်အားစုများပင်လျှင် ကုလသမဂ္ဂသံတမန်များနှင့် လက်တွဲအလုပ်လုပ်နိုင်ရန် ကြိုးပမ်းလာကြသည်။ ဤကိစ္စရပ်နှင့် ပတ်သက်၍ ယခုအချိန်၌ သက်သေပြရန်ပင်မလိုလောက်အောင် ရှင်းလင်းနေပြီဖြစ်သော်လည်း ကုလသမဂ္ဂသံတမန်များအား အစိုးရ မဟုတ်သည့် အတိုက်အခံနှင့်လက်နက်ကိုင် အင်အားစုများနှင့် လက်တွဲအလုပ်လုပ်ရန် အဖွဲ့ဝင်နိုင်ငံများက ခွင့်ပြုချက်ပေးသည့် ကိစ္စရပ်သည် အလွန်အရေးပါသည် မှန်သော်လည်း လတ်တလောမှာပင် ပြောင်းလဲတိုးတက်လာသည့် ကိစ္စရပ်တစ်ခု ဖြစ်နေသည်။

တစ်ဖက်ရှိ အစိုးရများနှင့် အစိုးရပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းများနှင့်အခြားတစ်ဖက်ရှိ အစိုးရမဟုတ်သည့် နိုင်ငံတကာကြားဝင် ဖျန်ဖြေရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်ရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်းသည်လည်း လတ်တလော တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ပင် ဖြစ်သည်။ The Carter Center သည်လည်း ဤနယ်ပယ်လောကရှိ အစောဆုံးအဖွဲ့အစည်းများ၌ တစ်ခုအပါအဝင် ဖြစ်သည်။ ကုလသမဂ္ဂ၊ နော်ဝေး၊ ဖင်လန်၊ ဆွစ်ဇာလန်နှင့် အခြား နိုင်ငံများအပါအဝင် အစိုးရများသည် Center for Humanitarian Dialogue၊ Swisspeace နှင့် Crisis Management Initiative (CMI) ကဲ့သို့သော INGOs များနှင့် ပုံမှန်မိတ်ဖက် ဆောင်ရွက်လာကြသည်။ အာဖရိကဒေသရှိ အပြုသဘောဆောင်သည့် အာဖရိကန် အငြင်းပွားမှုဖျန်ဖြေရေးစင်တာ (ACCORD)၊ အာဖရိကန် အနောက်ပိုင်းဒေသငြိမ်းချမ်းရေး ကွန်ရက် (WANEP)နှင့် လက်တင်အမေရိကဒေသရှိ SERAPAZ ကဲ့သို့သော အထင်ကရ အဖွဲ့အစည်းကြီးများကလည်း အစိုးရမဟုတ်သည့် အင်အားစုများကို လက်လှမ်းမီ နိုင်စေရန် ပံ့ပိုးကူညီလျက်ရှိပြီး ရပ်ရွာအခြေပြု ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများကို ဦးစီးဖော်ဆောင်လျက်ရှိသည်။

ကုလသမဂ္ဂသံတမန်များ အပါအဝင် နိုင်ငံတကာအသိုက်အဝန်း အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ အမှုမဲ့အမှတ်မဲ့မှားယွင်းမှုများကို ရှောင်လွှဲရန်ကြားဝင်ဖျန်ဖြေသူများနှင့် စေ့စပ်ညှိနှိုင်းလျက်ရှိသည့် နှစ်ဖက်အင်အားစုများအကြား နယ်ပယ်အလိုက် သို့မဟုတ် ထူးကဲအခင်းအကျင်းဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်မှုရှိရန် လိုအပ်ကြောင်း ပိုမိုထင်ရှားလာပြီဖြစ်သည်။ သဘောတူညီချက်များရရှိခဲ့ သော်လည်း လက်တွေ့ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ မြေပြင်အနေအထားများ (ဥပမာ အားဖြင့် ရွေးကောက်ပွဲများ သို့မဟုတ် လက်နက်ဖြုတ်သိမ်းရေး အတွက် ယုတ္တိမကျသည့် အချိန်ကာလ သတ်မှတ်ချက်များ)ကြောင့် အကောင်အထည် ဖော်ဆောင်နိုင် သည့် အလားအလာမရှိပါက လုပ်ငန်းစဉ်များ ကျရှုံးသွားနိုင်သည် သို့မဟုတ် လိပ်ခဲတည်းလည်း အကျပ် ရိုက်လာနိုင်ပါသည်။

*"ဆီးရီးယားနိုင်ငံထဲက လက်နက်ကိုင်ဆောင်ထားခြင်း မရှိသေးတဲ့ အမျိုးသမီးထုဟာ ငြိမ်းချမ်းရေးရဲ့ပြယုဂ်နဲ့ ငြိမ်းချမ်းရေးရဲ့အင်အားစုတွေ ဖြစ်တယ်။ ဒါကြောင့် ဒီအမျိုးသမီးထုနဲ့ အခြားအရပ်ဖက် လူမှု အဖွဲ့အစည်းတွေကို အတူပါဝင်လုပ်ကိုင်ခွင့်မပေးဘဲနဲ့တော့ ဒီနိုင်ငံငြိမ်းချမ်းဖို့ လမ်းမမြင်ဘူး။"*

ဒေါက်တာ Rim Turkmani
*ဆီးရီးယားနိုင်ငံတည်ဆောက်ရေးအဖွဲ့၏ တွဲဖက်တည်ထောင်သူနှင့် ရူပနက္ခတ္တဗေဒပညာရှင်*

၂၀၀၈ ခုနှစ်အတွင်း ဤအားနည်းချက်ကို ပြင်ဆင်ရန်အတွက် ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာဦးစီးဌာန(DPA)သည် ကြားဝင်ဖျန်ဖြေရေး လုပ်ငန်းစဉ်များအတွင်း ပါဝင် ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ၏ ကိုယ်ပိုင်စွမ်းဆောင်ရည်များ ပိုမို ကျယ်ပြောနက်ရှိုင်းလာစေရန်အတွက် ကြားဝင်ဖျန်ဖြေရေး ထောက်ကူပြုဌာနစိတ်(MSU)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အာဏာခွဲဝေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ လုံခြုံရေးနှင့် သယံဇာတ အရင်းအမြစ်များကဲ့သို့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အရေးပါအရာကျသည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် ပြင်ပမှကျွမ်းကျင်မှု အရည်အသွေးများကို ထိန်းချုပ်အသုံးချနိုင်စေရန်အတွက် အကြီးတန်းကြားဝင်ဖျန်ဖြေရေး အကြံပေးများအဖွဲ့ကို အမြဲအဆင်သင့် ဖြစ်နေစေရန် ဖွဲ့စည်းပြင်ဆင်ထားခဲ့သည်။ ၂၀၁၁ ခုနှစ်အရောက်တွင်ဤအဖွဲ့သည် ကြားဝင်ဖျန်ဖြေရေး လုပ်ငန်းစဉ်ရေးဆွဲပြင်ဆင်မှု၊ ကျားမရေးရာနှင့် နယ်ပယ်စုံပညာရှင်များကို ထည့်သွင်းပေါင်းစပ်နိုင်စေရန် ထပ်မံတိုး ချဲ့ဖွဲ့စည်းခဲ့သည်။[9]

## စံသတ်မှတ်ချက်များ ပြောင်းလဲတိုးတက်မှုအဆင့်ဆင့် - အောက်ခြေမြေပြင် ပကတိအခြေအနေများက အမျိုးသမီးများကို အမြန်ဆုံး ထည့်သွင်း ပါဝင်စေရန် တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာနိုင်ငံတကာ ဥပဒေသများနှင့် စံချိန်စံနှုန်းများနှင့်ပတ်သက်၍ အရေးပါသည့်တိုးတက်ပြောင်းလဲမှု အများအပြားတွေ့ရှိလာရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅နှင့် (ဤအစီအစဉ် နှင့် ဆက်စပ်သည့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်ခုနစ်ခုကို ပူးတွဲဖိုင်(၁)တွင် ကြည့်ပါ) ကို ရေးဆွဲအတည်ပြုခဲ့ခြင်းက တစ်ဆစ်ချိုး ပြောင်းလဲတိုးတက်မှု များအနက်တစ်ခု အပါအဝင် ဖြစ်လာခဲ့သည်။ တိုက်ပွဲနယ်မြေဒေသ အတွင်း ရှင်သန်နေထိုင်ရသည့် အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပကတိအခြေအနေမှန်အားဖြင့် အောက်ခြေမြေပြင်မှ မောင်းနှင်လာသည့် ဤအစီအစဉ်၌ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်အထောက် အကူပြုမှုများ၊ စစ်ပွဲနှင့် ငြိမ်းချမ်းရေးဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲများ၌ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်ပိုင်ခွင့် အခွင့်အရေးနှင့် ကာယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပဋိပက္ခလွန်ကြိုးပမ်းအားထုတ်မှုများအတွင်းရှိ အမျိုးသမီးနှင့် အမျိုးသားများ၏ မတူကွဲပြားသည့် လိုအပ်ချက်များ ပေါ်မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အရေးကြီးပုံတို့ကို အသိအမှတ် ပြုထားသည်။

*"အကယ်၍ စစ်တိုက်တာက အမျိုးသားတွေရဲ့အလုပ်ပဲလို့ဆိုခဲ့ရင် ငြိမ်းချမ်းရေးကို အမျိုးသမီးတွေရဲ့အလုပ်လို့ သဘောထားလိုက်ကြပါစို့။"*

Amal Bashaı *လူ့အခွင့်အရေးဆိုင်ရာအာရပ်အမျိုးသမီးများဖိုရမ်ဥက္ကဌနှင့် ယီမင်အမျိုးသား ညီလာခံအဖွဲ့ဝင်(ယီမင်)*



ဆုံးဖြတ်ချက်ကြီး ရုပ်လုံးပေါ်လာစေရန် နောက်ကွယ်မှ စည်းရုံးလှုပ်ရှားမှုများ၌ အမျိုးသမီးများ ဦးစီးခေါင်းဆောင်၍ ငြိမ်းချမ်းရေးပေါ် အခြေပြုထားသည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် အရင်းခံသော့ချက် မောင်းနှင်အား တစ်ရပ်ဖြစ်ခဲ့သည်။ ဤအချက်ကို "ငြိမ်းချမ်းရေးကို အမျိုးသမီးများ တည်ဆောက်ပြီး" ပဋိပက္ခဖျန်ဖြေရေးနှင့် ကြိုတင်ကာကွယ် တားဆီးရာ၌အလွန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်အထောက်အကူ ပြုလျက်ရှိသည်ဟူသည့် ပင်မသတင်းစကား၌ အတိအလင်း မီးမောင်းထိုးပြထားသည်။ သို့သော်လည်း ၂၀၀၀ခုနှစ်တွင်ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် "အရပ်ဖက်လူမှု အဖွဲ့အစည်း" ဟူသည့် အသုံးအနှုန်းအပေါ် အတိုက်အခံပြုလုပ်ခဲ့ကြသည်။ အစောပိုင်း ဆုံးဖြတ်ချက်များ၌ ဖော်ပြထားသည့် စာသားများ၌ "ဌာနေ တိုင်းရင်းသားများနှင့် နယ်ခံပဋိပက္ခ ဖျန်ဖြေရေးသမားများ"နှင့် "အမျိုးသမီးများ" ဟူ၍ ယေဘုယျဆန်ဆန်သာ သုံးနှုန်းဖော်ပြခဲ့ကြသည်။ မူဝါဒနှင့် သဘောထားများပြောင်းလဲတိုးတက်လာပုံအဆင့်ဆင့်ကို နောက်ဆက်တွဲဆုံးဖြတ်ချက်များ အတွင်းရှိ စကားရပ်များ၏ သုံးနှုန်းပုံ သဘောသဘာဝ အပြောင်းအလဲများ အတွင်း သိသိသာသာ တွေ့မြင်လာရသည်။ ၂၀၀၈ခုနှစ်အရောက် ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ ကို ရေးဆွဲအတည်ပြုခဲ့စဉ်က အစီအစဉ်နှင့်ပတ်သက်၍ ကောင်စီအတွင်း

9. For the list of members of the 2015 Standby Team and their brief biographies, see http://peacemaker. un.org/mediation-support/stand-by-team; for an evaluation of the Standby Team to date, see Antje Herrberg with John Packer and Miguel Varela, "The Evolution of the United Nations Standby Team of Mediation Experts in Context," Peace My Way and mediatEUr (2015).

အာဘောင်အာရင်းသန်သန် အတိုက်အခံလုပ်ခဲ့ကြ သူများပင်လျှင် "အရပ်ဖက်လူမှုအဖွဲ့အစည်း" ဟူ၍ ရည်ညွှန်းသုံးနှုန်းမှု အပေါ်ဆန့်ကျင် ကန့်ကွက် ခြင်းမရှိခဲ့ပေ။ နောက်ပိုင်း စာသားများအတွင်း အထူးသဖြင့် ဆုံးဖြတ်ချက်အမှတ် ၁၈၈၉ နှင့် ၂၁၂၂ ပါ အရပ်ဖက်လူမှုအဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများဟူသည့် သုံးနှုန်း ဖော်ပြချက်သည် စံစကားရပ်တစ်ခုဖြစ်လာခဲ့သည်။

အစီအစဉ်ကို မကြာခဏဆိုသလို အမျိုးသမီး သို့မဟုတ် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအဖြစ်သာ ရှုမြင်လေ့ရှိသော်လည်း တကယ့်အနှစ်သာရသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာဇာတ်ကောင်များအား အစိုးရမဟုတ်သည့်ပဋိပက္ခဖျန်ဖြေရန်ကြိုးပမ်းလျက်ရှိသည့် ဇာတ်ကောင်များနှင့် ထိတွေ့ဆောင်ရွက်ရန်လိုအပ်သည်ဟု တောင်းဆိုထားသည့် အချက်ပင်ဖြစ်သည်။ စစ်ရေးအရ ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်နိုင်သည့် လမ်းကြောင်းများကို ပိတ်ဆို့ထားခြင်းအားဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကို အစိုးရရပ်ဝန်းအတွင်းသာ ထိန်းသိမ်းထားရှိမှုကို မေးခွန်းထုတ်ထားသည်။ အခြားတစ်ဖက်တွင်လည်း ဤအစီအစဉ်သည် နိုင်ငံတကာ အသိုက်အဝန်းအား လက်နက်ကိုင်ဆောင်စရာ မလိုသည့် အပြောင်းအလဲမျိုး ဖြစ်ပေါ်လာစေရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သည့် ပြည်တွင်းဇာတ်ကောင်များနှင့် တရားဝင်လက်တွဲ အလုပ်လုပ်နိုင်စေသည့် အခွင့်အလမ်း တစ်ရပ်ကိုဖော်ထုတ်ပေးလျက်ရှိသည်။ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှုများကို ဖော်ဆောင်ရာ၌ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ရှုထောင့်မှသာချဉ်းကပ်ဆောင်ရွက်ခြင်းထက်အများပြည်သူဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ်အဖြစ်ဖော်ဆောင်သည့် လမ်းကြောင်းမျိုး ဖြစ်သည်။

အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများသည် စစ်ပွဲအတွင်းရှိ လူသားမျက်နှာဖုံးကိုဆွဲထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လေ့ရှိသည်။ ၎င်းတို့သည် အများအားဖြင့် အလွန်ကျဉ်းမြောင်းသည့် ရှုထောင့်မှ စေ့စပ်ညှိနှိုင်းလျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေး တရားမျှတမှုဆိုင်ရာ ရှုထောင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် အလေးပေး အာရုံစိုက်လာစေရန် တောင်းဆိုခြင်းဖြင့် စိန်ခေါ်လေ့ရှိသည်။ လက်တွေ့အားဖြင့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရန်လိုတိုက်ခိုက်မှုများ ရပ်စဲရေးနှင့် အာဏာခွဲဝေရေးကိုသာ အသားပေးအာရုံစိုက်လျက်ရှိသည့် စေ့စပ်ညှိနှိုင်းမှုများမှသည် အားလုံးပါဝင်မှုရှိ၍ ပိုမိုဒီမိုကရေစီ ထုံးနည်းစံကျဖြစ်သည့် အနာဂတ်မျိုးကို တည်ဆောက်ရန်အတွက် စစ်ပွဲဒဏ်သင့် လူထုလူတန်းစားများနှင့်ထိခိုက် နစ်နာသူများကို မျှမျှတတခွဲဝေတာဝန်ယူသည့် အခင်းအကျင်းဆီသို့ ပြောင်းလဲ သွားစေနိုင်သည်။

*"စားပွဲပေါ် ပါဝင်ဆွေးနွေးစေခြင်းဟာ ပဋိပက္ခလွန်အခင်းအကျင်းမှာ အားလုံးပါဝင်လာအောင် ဆောင်ရွက်ဖို့ ကြိုတင်လေ့ကျင့်ခြင်းဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းမှုတွေ ပြီးဆုံးသွားပြီးနောက်ပိုင်း အားလုံးပါဝင်မှုရှိတဲ့ လုပ်ငန်းစဉ်တွေကို ရေးဆွဲပုံဖော်တဲ့နေရာမှာ ဒီလိုပုံစံမျိုးကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။"*

Virginia Bouvier *အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအစည်းအရုံး(USIP)၏ အကြီးတန်းအကြံပေး*

ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အစီအစဉ်၌ ပြောင်းလဲရေးတွန်းအားများဆက်လက်ပေါင်းစပ်ပါဝင်လျက်ရှိသည်။ ဥရောပသမဂ္ဂ၊ အာဖရိကသမဂ္ဂနှင့် အမေရိက နိုင်ငံ များအဖွဲ့အစည်းတို့အပါအဝင် တိုက်ဒေသအလိုက် အဖွဲ့အစည်းများ၌လည်းအလားတူဆုံးဖြတ်ချက်များ ချမှတ်ထားရှိသည်။ လက်ရှိအချိန်၌ နိုင်ငံပေါင်းငါးဆယ်ကျော်သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် လုံခြုံရေးဆိုင်ရာဆက်စပ် လုပ်ငန်းစဉ်များ၌ အမျိုးသမီးများကို ထည့်သွင်းပါဝင်စေရန် တာဝန်အပ်နှင်းပေးထားသည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို ရေးဆွဲကျင့်သုံး နေကြပြီဖြစ်သည်။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများသည်ပဋိပက္ခ အခင်းအကျင်းများစွာ ၌ကဲ့သို့သော စီမံချက်များကျင့်သုံး လာစေရန်စည်းရုံး လှုံ့ဆော်ခြင်းဖြင့်ငြိမ်းချမ်းရေးနှင့်နိုင်ငံရေးလုပ်ငန်းစဉ်များအတွင်း ပါဝင်ဆောင်ရွက်ခွင့်အတွက် တောင်းဆိုမှုများပြုလုပ်ရာ၌ အထောက်အကူဖြစ်စေရန် ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ကို ထိန်းချုပ်အသုံးချလျက်ရှိသည်။ အကောင်အထည်ဖော်ရာ၌ ဟိုတစ်ကွက် ဒီတစ်ကွက်သာဖြစ်ပျက်နေသည့် အကြောင်းရင်းများ၌ အရင်းအမြစ်များအလုံအလောက် မရှိခြင်းနှင့် နိုင်ငံရေး သံမိဋ္ဌာန်ပျောက်ဆုံးနေခြင်းကလည်း တစ်စိတ်တစ်ပိုင်းပါဝင်လျက်ရှိသည်။ သို့သော်လည်း အစီအစဉ်ကို ပြည်တွင်းမှုပြုသည့် စီမံချက်များနှင့် အခြားကြိုးပမ်းအားထုတ်မှုများက ပြည်တွင်း၌ နိုင်ငံတကာစံနှုန်းများ အမြစ်တွယ် ခိုင်မာလာစေမည့် စကြိန်တစ်ရပ်ကို ဖော်ထုတ်ပေးသည်။ အစီအစဉ်သည် 'အမျိုးသား၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး'နှင့် 'လူငယ်၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး' ဆိုင်ရာကိစ္စရပ်များကို ကမ္ဘာ့အနှံ့ တွင်တွင်ကျယ်ကျယ် ဆွေးနွေးပြောဆိုလာစေရန်လည်း လမ်းခင်းပေးခဲ့သည်။

*"ကစားပွဲပြင်ပသို့ ရောက်ရှိနေကြသည့် သို့မဟုတ် ဖယ်ကြဉ်ခံထားရသည့် မည်သည့်အင်အားစုမဆို အပြောင်းအလဲကို ဆောင်ကျဉ်းပေးနိုင်သည့် ယုံကြည်ချက်၊ စွမ်းဆောင်ရည်များနှင့် စိတ်အားထက်သန်မှုများကို အများအပြားပိုင်ဆိုင်ထားကြသည်။"*

Eshragh Thabit *တရားလွှတ်တော်ရှေ့နေနှင့် အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူ(ယီမင်)*

အငြင်းပွားမှုများကို ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ကြားဝင်ဖျန်ဖြေမှုကို အထောက်အကူပြုခြင်းသည် တူရကီနှင့် ဖင်လန်နိုင်ငံတို့၏ ပူးတွဲအထောက်အပံ့ဖြင့်ရေးဆွဲအတည်ပြုခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၆၅/၂၈၃ (၂၀၁၁) အားဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား အခိုင်အမာ ထောက်ခံမှုရရှိခဲ့သည်။ ဆုံးဖြတ်ချက်အတွင်း ယခုထက်ပို၍ အားလုံးပါဝင်မှု ရှိစေရန်နှင့် အထူးသဖြင့် အမျိုးသမီးများအား ပူးပေါင်းပါဝင်ခွင့်ပြုရန် တောင်းဆို ထားသည်။ ဤဆုံးဖြတ်ချက်နှင့် အခြားအကောင်အထည်ဖော်ရေးနှင့် စံနှုန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အညီ ကုလသမဂ္ဂမှ ထိရောက်သည့် ကြားဝင်ဖျန်ဖြေရေးလမ်းညွှန်ကို ပထမဦးဆုံးအကြိမ် ထုတ်ပြန်ခဲ့သည်။ ကမ္ဘာတစ်လွှားရှိ ကြားဝင်ဖျန်ဖြေသူများနှင့် စည်းရုံးရေးသမားများကို တွေ့ဆုံဆွေးနွေးခဲ့သည့် ရလဒ်များအပေါ် အခြေခံထားသည့် လမ်းညွှန်စာတမ်းအတွင်း ထိရောက်သည့် ကြားဝင်ဖျန်ဖြေရေးအတွက် အဓိကကျသည့် သင်ခန်းစာများကို အနှစ်ချုပ်ဖော်ပြထားပြီး "အခြေခံ အကျဆုံး ကြားဝင်ဖျန်ဖြေရေးလမ်းညွှန်ချက်" ရှစ်ခုကို အောက်ပါအတိုင်းမီးမောင်း ထိုးပြထားသည်။[10]

၁။ ကြားဝင်ဖျန်ဖြေရေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှု၊

၂။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစံများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အညီ ပါဝင်လျက်ရှိသည့် အဖွဲ့အစည်းများအကြား ဘက်လိုက်မှု ကင်းရန်လိုအပ်သော်လည်း မဖြစ်မနေကြားနေရန်မလိုအပ်ပေ၊

၃။ ကြားဝင်ဖျန်ဖြေရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဇာတ်ကောင်ပေါင်း သောင်းခြောက် ထောင်အကြား ရှေ့နောက် ညီညွတ်စွာဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊

၄။ စိတ်ရင်းအမှန်ဖြင့် စေ့စပ်ညှိနှိုင်းရန်အတွက် ပါဝင်ပတ်သက်နေသည့် ဇာတ်ကောင်များ၏ သဘောထား တိုက်ဆိုင်မှုနှင့် စိတ်ဆန္ဒရှိမှု၊

၅။ လုပ်ငန်းစဉ်၊ အကျိုးရလဒ်များနှင့် သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရေးအပေါ် အမျိုး သားထုတစ်ရပ်လုံး စုပေါင်းပိုင်ဆိုင်မှု၊

၆။ နိုင်ငံတကာဥပဒေသများ၊ စံသတ်မှတ်ချက်များနှင့် ကြောင်းကျိုးညီညွတ်မှု၊

၇။ ပဋိပက္ခဇာတ်ကောင်များနှင့် အခြားအကျိုးသက်ဆိုင် ပါဝင်လျက်ရှိသူများအကြားကျယ်ကျယ်ပြန့်ပြန့်အပြန်အလှန်ဆက်နွယ်လျက်ရှိသည့်နယ်ပယ်ကဏ္ဍတစ်ရပ်လုံး လွှမ်းခြုံပါဝင်မှု၊

၈။ ပဋိပက္ခကို ဖျန်ဖြေရုံမျှမက တစ်ကျော့ပြန် ဖြစ်ပွားမှုမရှိစေရေး ကာကွယ်တားဆီးရန်ပါရည်ရွယ်ထားသည့် အရည်အသွေးပြည့်ဝသော ငြိမ်းချမ်းရေးသဘောတူညီချက်များ။

10. See United Nations Guidance for Effective Mediation (2012), peacemaker.un.org.

## ဇယားကွက် (၁) ဖြည့်စွက်တန်ဖိုး
## ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများအတွင်းရှိ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ

ငြိမ်းချမ်းရေးနှင့် ကြားဝင်ဖျန်ဖြေရေး လုပ်ငန်းများအတွင်း အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပံ့ပိုးကူညီခဲ့ကြကြောင်း သုတေသနပြုချက်များက ပြဆိုလျက်ရှိသည်။

√ **ငြိမ်းချမ်းရေးသဘောတူညီချက်များ၏ အစွန့်ရှည်တည်တံ့ခိုင်မြဲမှုကို တိုးတက် အားကောင်းလာစေသည်။** ၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ် အတွင်း ချုပ်ဆိုခဲ့ကြသည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ပေါင်း ၈၃ ခုကိုဆန်းစစ်သုံးသပ်ချက်အရ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ပူးပေါင်း ပါဝင်မှုသည် သဘောတူညီချက်များအား နှစ်ဖက်အဖွဲ့မှ ကတိပျက် ချိုးဖောက်လာနိုင်သည့် အလားအလာကို ၆၄% အထိ လျော့ကျသွားစေ သည်ဟု သက်သေပြလျက်ရှိသည်။[11]

√ **လူထုအကျိုး စောင့်ကြည့်ကာကွယ်သူများအဖြစ် ဆောင်ရွက်သည်။** အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် စေ့စပ်ညှိနှိုင်းရေးမဟာဗျူဟာတစ်ရပ်အနေဖြင့် နေးကွေးသည့် နည်းဗျူဟာများကို အသုံးပြုခြင်း သို့မဟုတ် မတတ်သာဘဲ အကြမ်းဖက်မှုဆီသို့ တစ်ကျော့ပြန်ခြင်းထက် စာလျှင် စည်းရုံးလှုပ်ရှားခြင်းနှင့် သတင်းစကားပါးခြင်းအားဖြင့် သဘောတူညီချက်ရရှိအောင် စွမ်းဆောင်ပေးရန်နှင့် တာဝန်ခံမှုရှိလာစေရန် နှစ်ဖက်အဖွဲ့အား ဖိအားပေးနိုင်သည်။

√ **လုပ်ငန်းစဉ်နှင့် သဘောတူညီချက်များကို စောင့်ကြည့်လေ့လာ၍အများပြည်သူ၏ ပူးပေါင်းပါဝင်မှုကို အားကောင်းလာစေသည်။** အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်လုပ်ငန်းစဉ်တစ်ရပ်လုံးနှင့်သဘောတူညီချက်

11 Desirée Nilsson, "Anchoring the Peace: Civil Society Actors in Peace Accords and Durable Peace," International Interactions (2009), vol. 38: no. 2, pp. 243–266.

အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် နိုင်ငံတကာ ဇာတ်ကောင်များသာမက အထူးသဖြင့်လူထုအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ အလွန်ကျယ်ပြန့်သည့် ပဋိပက္ခဒဏ်သင့် လူထုလူတန်းစားအမျိုးမျိုးကို ကိုယ်စားပြုထားသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် လုပ်ငန်းစဉ်နှင့်အကျိုးရလဒ်များအပေါ် လူထု၏အမြင်သဘော ထားများပြောင်းလဲလာအောင် လွှမ်းမိုးရာ၌ အလွန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်လျက်ရှိသည်။

√ **ပိုမိုကျယ်ပြန့်သည့် ပြည်သူလူထုတစ်ရပ်လုံးအတွက် အရေးပါသည့် အရေးကိစ္စများကို ပေါ်လွင်ထင်ရှား လာစေသည်။** စစ်မက်ဖြစ်ပွားလျက်ရှိသည့်နှစ်ဖက်တပ်ဖွဲ့များသည်အများအားဖြင့် မိမိတို့၏လက်ငင်းလိုအပ်ချက်များနှင့် အာဏာရရှိရေးကိုသာ အလေးပေးလေ့ရှိသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကျယ်ပြန့်သည့် လူထုတစ်ရပ်လုံး၏ အကျိုးစီးပွားများ၊ ဦးစားပေးကဏ္ဍများနှင့် စိုးရိမ် ပူပန်မှု များကို ထင်ဟပ်စေပြီး ပဋိပက္ခကို မောင်းနှင်လျက်ရှိသည့် ဇစ်မြစ်အကြောင်းရင်းများကို ကိုင်တွယ် ဖြေရှင်းမည့်ဆွေးနွေးပွဲ အကြောင်းအရာများကို ပြုပြင်ပြောင်းလဲ ပေးနိုင်သည်။

√ **ပြဿနာရပ်များကို ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ပေးအပ်၍ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းသစ်များကိုဖန်တီးပေးသည်။** အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်လာလျှင် ၎င်းတို့သည် စင်ပြိုင်သို့မဟုတ် လမ်းကြောင်း(၂) လုပ်ငန်းစဉ်များကို ရေးဆွဲပြင်ဆင်၍ စိတ်ကူးသစ်များကို စမ်းသပ်ဖော် ဆောင်နိုင်သည့် အခွင့်အလမ်း တစ်ခု ဖန်တီးပေးသည့်အပြင် ပူးတွဲဆန်းစစ်လေ့လာမှု သို့မဟုတ် တစ်ဖက်တစ်ချက်ရှိနိုင်ငံရေးယဉ်ကျေးမှု ပြောင်းလဲလာစေရန် အထောက်အကူပြုလေ့ရှိသည်။

√ **ပိုမိုကြီးကျယ်သည့် အကြမ်းဖက်မှုဆန့်ကျင်ကန့်ကွက်ရေးနှင့် လူမှုရေး ပေါင်းစည်းညီညွတ်မှုကို ပိုမိုအား ကောင်းလာစေသည်။** အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုအားဖြင့် ပဋိပက္ခဒဏ်သင့် လူထုလူတန်းစားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းပါဝင်စေခြင်းဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး၏ အရေးပါသည့်အနှစ်သာရတစ်ခုဖြစ်သည့် လူမှုရေး ပေါင်းစည်းညီညွတ်ရေးကို အထောက်အပံ့ဖြစ်စေသည်။

√ **အရေးပါသည့် နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်နှင့်သတင်းအချက်အလက်များကို ဖော်ထုတ်ပေးအပ်သည်။** အများအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အရေးပါသည့် ကိစ္စရပ်များဖြစ်သည့် ဥပမာ ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ၊ အရင်းအမြစ် ခွဲဝေသုံးစွဲမှု၊ နိုင်ငံသားနှင့် လူ့အခွင့်အရေးဆိုင်ရာ နယ်ပယ်များ၌ဖြစ်စေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သည့် အသိပညာ ဗဟုသုတများကို ဒေသမှုပြုရာ၌ဖြစ်စေ ကျွမ်းကျင်နှံ့စပ်သူများ ဖြစ်ကြသည်။

√ **ဖြေရှင်းရေးနည်းလမ်းများနှင့် အကျိုးရလဒ်များ တိုးတက်ကောင်းမွန်လာစေရန် အရေးပါ၍ ထိရောက်သည့် အကူအညီများကို ဖော်ထုတ်ပေးသည်။** အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ယခင်လမ်းကြောင်း (၁) နှင့် လမ်းကြောင်း(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ကောင်းစွာ နားလည် ကျွမ်းကျင်သူများ ဖြစ်ကြသည်။ နိုင်ငံရေးဇာတ်ကောင်များ၌ ဤကဲ့သို့သော အသိပညာဗဟုသုတများ အားနည်းနေနိုင်သဖြင့် ဆွေးနွေးပွဲတစ်ခုချင်းစီတွင် ပါဝင်သည့် အကြောင်းအရာနှင့်[12] အခင်းအကျင်းများကို အသိပေးရန်မဖြစ်မနေ လိုအပ်ပါသည်။

## အားလုံးပါဝင်မှုရှိသည့် အဝန်းအဝိုင်း - အမြင်သဘောထားများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ကြားဝင်ဖျန်ဖြေရာ၌ အကျိုးရှိထိရောက်မှုရှိစေရန် အားလုံးပါဝင်မှုရှိလာအောင် ချိတ်ဆက် ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂလက်စွဲအတွင်း မီးမောင်းထိုးပြထားသည့် လမ်းညွှန်ချက်များအနက် အဆန်းသစ်ဆုံးသဘောတရားတစ်ခုဖြစ်သည်။ အရည်အသွေးနှင့် အရေအတွက်ပမာနပြု အထောက်အထားများက

12 For more on the positive impact of women and civil society participation, see Thania Paffenholz, ed., Civil Society and Peacebuilding: A Critical Assessment (Boulder: Lynne Rienner, 2010); Alexander Ramsbotham and Achim Wennmann, eds., “Legitimacy and peace processes: From coercion to consent,” Conciliation Resources, (2014), Accord 25; UN Women, “Women’s Participation in Peace Negotiations: Connections Between Presence and Influence,” (2012); Sanam Naraghi Anderlini, Women Building Peace (Boulder: Lynne Rienner, 2007); International Alert and Initiative for Inclusive Security, Inclusive Security, Sustainable Peace (Washington, DC: 2004).

အားလုံးပါဝင်မှုရှိသည့် လုပ်ငန်းစဉ်များ အထူးသဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ပါဝင်ဆောင်ရွက်စေသည့် လုပ်ငန်းစဉ်များက ပိုမိုကောင်းမွန်သည့်အကျိုးရလဒ်များကို ပေါ်ထွက်လာစေပြီး အောင်မြင်နိုင်သည့် အခွင့်အလမ်းပိုမိုများပြားလေ့ရှိကြောင်း ညွှန်းဆိုထားသည်။ ကြားဝင်ဖျန်ဖြေရေးသမားများနှင့် နိုင်ငံတကာနည်းပညာရှင်များအကြား အားလုံးပါဝင်မှု၏ လက်တွေ့အကျိုး သက်ရောက်မှုများနှင့်ပတ်သက်၍ ရတက်မအေးနိုင်ဘဲ သံသယစိတ်အခံဖြင့် အချေအတင် ဆွေးနွေးငြင်းခုံ နေကြဆဲပင်ဖြစ်သည်။

အချို့ကလည်း ဇတ်ကောင်ပေါင်း သောင်းခြောက်ထောင်ကို ပါဝင်ဆောင်ရွက်စေခြင်းသည် လုပ်ငန်းစဉ်များကို ပရမ်းပတာဖြင့် ရှုပ်ထွေးသွားစေနိုင်သည်ဟု ထောက်ပြပြောဆိုနေကြသည်။ သို့သော်လည်း ဤအမြင်သဘောထား မှန်ကန်မှုမရှိကြောင်း သုတေသနနှင့် သာဓကများက အခိုင်အမာ ပြဆိုလျက်ရှိသည်။ ဥပမာ ဘူရွန်ဒီငြိမ်း ချမ်းရေးလုပ်ငန်းစဉ်၌[13] လက်နက်ကိုင် အဖွဲ့အစည်းနှင့် ပါတီစုစုပေါင်း (၁၇)ဖွဲ့ ပါဝင်ခဲ့သလို နီပေါငြိမ်းချမ်းရေးလုပ်ငန်းစဉ်[14] ၌ နိုင်ငံရေးပါတီ(၈)ဖွဲ့ ပါဝင်ခဲ့သည်။ အလားတူပင် ဆိုမာလီငြိမ်းချမ်းရေးလုပ်ငန်းစဉ်[15] အတွင်း ဘာသာရေးနှင့် ရပ်ရွာ ခေါင်းဆောင်အမြောက်အများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မည်သို့ဆိုစေကာမူ "အားလုံးပါဝင်မှု"ရှိစေရန် တောင်းဆိုမှုများသည် တင်းမာမှုနှင့် ဝိရောဓိဖြစ်စေရန် တွန်းပို့ ပေးသည့် မောင်းနှင်အားတစ်ရပ်လည်း ဖြစ်နေပြန်သည်။ အဓိပ္ပာယ်ရှင်းလင်းဖော်ပြခြင်းအားဖြင့် ဤသဘောတ ရားကို ဇာတ်ကောင်အားလုံး လက်ခံကျင့်သုံးရန် သဘောတူထောက်ခံခဲ့ကြသည်။ အဝန်းအဝိုင်း၏ အနားသတ်တစ်ဖက်ရှိ အားလုံးပါဝင်မှုသည် ကုလသမဂ္ဂသို့မဟုတ် တစ်သီးပုဂ္ဂလနိုင်ငံအလိုက် "အစွန်းရောက် အကြမ်းဖက်သမားများ" အဖြစ် သတ်မှတ်ထားသည့်အင်အားစုများ အပါအဝင် ပဋိပက္ခအခင်းအကျင်းတစ်ခုအတွင်း ပါဝင်လှုပ်ရှားနေနိုင်သည့် လက်နက်ကိုင်အစုအဖွဲ့များအားလုံးကို လွှမ်းခြုံမိစေသည်။ အတွေ့အကြုံရင့်ကျက်သည့် ကြားဝင်ဖျန်ဖြေသူများက ထိရောက်အကျိုးရှိစေလိုလျှင် ကမ္ဘာ့နိုင်ငံရေးဇာတ်ကောင်များ၏ အချုပ်အခြယ်ကင်းကင်းဖြင့် ပါဝင်ပတ်သက် လျက်ရှိသည့် ဇာတ်ကောင်များအားလုံးကို လက်လှမ်းမီချိတ်ဆက် ဆောင်ရွက်နိုင်စေမည့် ကယ်ပေါက်ရှိရန် လိုအပ်သည်ဟု အမြဲတမ်းလိုလို ဝေဖန်ထောက်ပြခဲ့ကြသည်။ ဥပမာအားဖြင့် ယူဂန်ဒါရှိ ဘုရင့်တော်လှန်ရေးတပ်မတော်(LRA)သည်နှစ်ရှည်လ များ ပုတ်ခတ်ဝေဖန် ခံခဲ့ရသော်လည်း နောက်ပိုင်း၌ နိုင်ငံတကာအသိုက်အဝန်းနှင့် ယူဂန်ဒါအစိုးရတို့က လက်ကမ်းကြိုဆို၍ ကြားဝင်ဖျန်ဖြေရန် ကြိုးပမ်းသင့်သည်ဟု လက်ခံအသိအမှတ်ပြုခဲ့သည်။[16] အလားတူပင် အာဖဂန်နစ္စတန်ရှိ တာလီဘန်တို့နှင့် ထိတွေ့ဆွေးနွေးနိုင်ရန် ဆက်လက်ကြိုးပမ်း နေကြဆဲပင်ဖြစ်သည်။[17]

> *"ကြားဝင်ဖျန်ဖြေသူတွေသာ အမျိုးသမီးနဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေကို ထိတွေ့ဆွေးနွေးပြီး ပါဝင်လာအောင် ဆောင်ရွက်ဖို့ဆန္ဒရှိခဲ့ရင် နည်းလမ်းရှာလို့ရပါတယ်။"*
>
> Sanam Naraghi Anderlini၊ *ICAN အမှုဆောင်ဒါရိုက်တာ*

အဝန်းအဝိုင်း၏ အခြားအနားသတ်တစ်ဖက်၌ အားလုံးပါဝင်စေရေးသဘောတရားသည် တိုက်ပွဲနယ်မြေအတွင်း လှုပ်ရှားဆောင်ရွက်လျက် ရှိသော်လည်းဘေးဖယ်ခံထားရလျက်ရှိသည့် အစိုးရမဟုတ်သော လက်နက်မဲ့အရပ်ဖက် လူမှု အဖွဲ့အစည်းများကိုပါ သက်ဆိုင်အကျုံးဝင်လာစေသည်။ ယင်းအဖွဲ့အစည်းများ၌အမျိုးသမီး၊ လူငယ်နှင့် အခြားကဏ္ဍအသီးသီးရှိ လူနည်းစုလူထုလူတန်းစား အားလုံး ပါဝင်လျက်ရှိသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုစာမျှ ဤနယ်ပယ် အဝန်းအဝိုင်း၏ အဓိကအကျဆုံးသော ဇာတ်ကောင်များနှင့် အကျိုးသက်ဆိုင်ပါဝင်သူများသည် အမြဲတမ်းလိုလို အမျိုးသမီးများသာ ဖြစ်နေကြောင်း တွေ့ရှိခဲ့ရပြီးဖြစ်သည်။ အချို့သော သူများသည် ရှိနှင့်ပြီးဖြစ်သည့် အဖွဲ့အစည်းများမှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပြီး အချို့မှာ လူသိများကျော်ကြားသည့် လှုပ်ရှားမှုများအားဖြင့် သော်လည်းကောင်း လူသားချင်း စာနာထောက်ထားရေး အကျပ်အတည်းများ အပေါ် ပထမဦးဆုံး တုန့်ပြန်ဆောင်ရွက်သူများ အနေဖြင့်သော်လည်းကောင်း ပေါ်ထွန်းလာခဲ့ပြီး ကျေးရွာတွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပြန်လည် သင့်မြတ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လာကြသည်။

> *"မန်ဒဲလားက အမျိုးသားတွေမှာ အမျိုးသမီးတွေကို ထည့်သွင်းပါဝင်စေချင်တဲ့ဆန္ဒမရှိခဲ့ဘူးလို့ လုံခြုံရေးကောင်စီမှာ သုံးသပ်ပြောဆိုခဲ့ဖူးတယ်။ ညနေပိုင်းတွေမှာ အမျိုးသမီးတွေနဲ့ အတူထိုင်ပြီး (အမျိုးသမီးတွေကို) နားထောင်တယ်။ နောက်တစ်နေ့မနက်ကျတော့ နားထောင်ထားတဲ့ အချက်အလက်တွေကို သူ့အကြံပြုချက်လို စားပွဲပေါ်ပြန်ပြီးဆွေးနွေး အကြံပြုလိုက်တော့ အမျိုးသားတွေလည်း သဘောတွေကျလို့ပေါ့။ နောက်တော့မှ*

13 See Henri Boshoff, Waldemar Vrey and George Rautenbach, "The Burundi Peace Process: From civil war to conditional peace," Institute for Security Studies (June 2012).

14 See Enrico D'Ambrogio "Nepal's Political Parties And The Difficult Road Towards A New Constitution" European Parliamentary Research Service (November 2014).

15 Ibrahim Ali Amber 'Oker', "Community Peace Processes in south central Somalia," Conciliation Resources (2010), Accord 21.

16. See Joanna R. Quinn, "Getting to Peace: Negotiating with the LRA in Northern Uganda," Human Rights Review (March 2009), vol. 10: no. 1, pp. 55-71.

17. See Sean Kane, "Talking with the Taliban: Should the Afghan Constitution Be a Point of Negotiation?," United States Institute of Peace Special Report (January 2015).


> *အဲဒါတွေက သူ့ခေါင်းကထွက်လာတာမဟုတ်ဘဲ အမျိုးသမီးတွေဆီကရတဲ့ အကြံဉာဏ်တွေဖြစ်တယ်လို့ အမျိုးသားတွေကို ပြန်ပြောပြခဲ့တယ်။ ဒါကတော့ နောက်ဆုံးဆွေးနွေးပွဲနှစ်ခုမှာ ပါဝင်ခွင့်မရကြတဲ့ အမျိုးသမီးတွေကို သူဆွဲတင်သွားတဲ့ နည်းလမ်းလေးပါပဲ။"*
>
> Anwarul Chowdhury *ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်*

လက်နက်ကိုင်အင်အားစုများနှင့် လက်နက်မဲ့ အရပ်သားပြည်သူများအကြားအစိုးရဌာနများမှသည် နိုင်ငံရေးပါတီများအပါအဝင် ၎င်းတို့၏ လက်ဝယ်ခံများ၊ ရိုးရာခေါင်းဆောင်များ၊ စီးပွားရေးအသိုက်အဝန်း၊ ရေကြည်ရာ မြက်နုရာရွှေ့ပြောင်းနေထိုင်ကြသူများ၊ ကုန်သည်နှင့် ပညာသည် အဖွဲ့အစည်းများကဲ့သို့သော မတူကွဲပြားစုံလင်သည့် ဇာတ်ကောင်များနှင့် အဖွဲ့အစည်းများ ရှိနေကြသည်။

အောက်တွင် ဖော်ပြထားသည့် ကားချပ်သည် ပတ်သက်ပါဝင်လျက်ရှိသည့် ဇာတ်ကောင်များကို တစ်စိတ်တစ်ပိုင်း ချိတ်ဆက်ဖော်ပြထားခြင်းဖြစ်ပြီး အလားအလာရှိသည့် ကြားဝင်ဖျန်ဖြေသူများ၊ စေ့စပ်ညှိနှိုင်းရေး သမားများနှင့် အခြားအစုအဖွဲ့များနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ဆက်လက်ဖြည့်စွက်ရမည်ဖြစ်သည်။

အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်လျက်ရှိသည့်
ဇာတ်ကောင်များကို တစ်စိတ်တစ်ပိုင်းချိတ်ဆက်ဖော်ပြခြင်း

© 2015




လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)အတွင်း အစိုးရမဟုတ်သည့် လက်နက်မဲ့ ဇာတ်ကောင်များကို ထည့်သွင်းပါဝင်စေခြင်း နှင့်စပ်လျဉ်း၍ တိုးတက်မှုအချို့ရှိခဲ့သည်။ ၁၉၉၀ခုနှစ်အတွင်း ဂွာတီမာလာ၌ အသင်းတော်သည် ကုလသမဂ္ဂ၏ရန်ပုံငွေအထောက်အပံ့ဖြင့်ဖော်ဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်ပတ်သက်၍ အသိပေးကာ သြဇာလွှမ်းမိုးနိုင်စေရန် ဌာနေတိုင်းရင်းသားများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များနှင့်အခြား အင်အားစုများ ကို အတူတကွ စုစည်းမိစေသည့် အရပ်ဖက် လူမှု အဖွဲ့အစည်းများ ဖိုရမ်တစ်ရပ်ကို ကမကထပြု၍ ဦးဆောင်ဖော်ဆောင်ခဲ့သည်။[18] လတ်တလောမှာပင် ကုလသမဂ္ဂနှင့် အခြား အင်အားစုများ စုပေါင်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ (အီရတ်နှင့်ဆိုမာလီယာကဲ့သို့) မျိုးနွယ်စုနှင့် ဘာသာရေးခေါင်းဆောင်များကို ထည့်သွင်းပါဝင် နိုင်စေ ရန်ဝိုင်းဝန်း ကြိုးပမ်းခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းမှရေကြည်ရာမြက်နုရာနှင့် ပြည်ပနိုင်ငံများ၌ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် တစ်သီးပုဂ္ဂလ များနှင့်အဖွဲ့အစည်းများ အထူးသဖြင့် အီရတ်၊ အာဖဂန်နစ္စတန်၊ လစ်ဗျားနှင့် ဆီးရီးယား နိုင်ငံများ၌ ပြန့်ကျဲနေထိုင်လျက်ရှိသူများကိုပါ အသိအမှတ်ပြု၍ ထည့်သွင်းစဉ်းစားလာကြသည်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း အတွင်းရှိ ၎င်းတို့၏ ရပ်တည်ချက်ကို ထည့်သွင်းစဉ်းစားမှုမပြုဘဲ နိုင်ငံတကာ ဇာတ်ကောင်များက ၎င်းတို့သည် ငြိမ်းချမ်းရေးနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်း ပါဝင်ခွင့်ရှိသည့် တရားဝင်ခေါင်းဆောင်များနှင့် အတိုက်အခံ အင်အားစုများအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။[19]

ထွက်ပေါ်လာသည့် ကိန်းဂဏာန်း အချက်အလက်များကို လေ့လာဆန်းစစ် ကြည့်သည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း အရပ်ဖက် လူမှုအဖွဲ့အစည်းများပါဝင် ဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်အပေါ် ထင်သာမြင်သာရှိသည့် ဆိုးကျိုးသက်ရောက်မှု မရှိဟူသည့် လက်တွေ့သဘောတရားကို ထပ်လောင်း ခိုင်မာစေသည်။[20]လက်တွေ့၌ကျရှုံးသွားနိုင်သည့်အလားအလာကိုပင်၅၀%အထိလျော့ကျသွားစေနိုင်သည်။ ထို့အပြင် အရည်အသွေးပဓာနပြု သုတေသနကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု အားကောင်းခြင်းသည် ဆွေးနွေးပွဲအကြောင်းအရာနှင့် အရည်အသွေးအပေါ် အကျိုးသက်ရောက်မှုရှိစေပြီး ပိုမိုအစွန့် ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး သဘောတူညီ

18. See "From Civil War to Civil Society: The Transition from War to Peace in Guatemala and Liberia," The World Bank and The Carter Center (June 1997).
19. See Amanda Roth, "The Role of Diasporas in Conflict," Journal of International Affairs (SpringSummer 2015); Lisa Laakso and Petri Hautaniemi, Diasporas, Development and Peacemaking in the Horn of Africa (London: Zed Books, 2014).
20. Desirée Nilsson, "Anchoring the Peace: Civil Society Actors in Peace Accords and Durable Peace," International Interactions: Empirical and Theoretical Research in International Relations (2012), vol. 38: no. 2, pp. 243-266.

ချက်များ ရရှိလာစေရန် အထောက်အကူပြုသည်ဟု ပြဆိုလျက်ရှိသည်။[21]

## အမျိုးသမီးများ၏ ပန်းတိုင်များကို ပြောင်းလဲခြင်း

ဝိရောဓိအနေဖြင့်ပဋိပက္ခတိုင်း၌နိုင်ငံရေးအရလှုပ်ရှားပြောင်းလဲမှုများရှိလင့်ကစား လက်တွေ့၌ ၎င်းတို့ကို မောင်းနှင်လျက်ရှိသည့် အကြံပြုချက်များနှင့်တင်းကျပ်သည့် စံသတ်မှတ်ချက်မူဘောင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှအမျိုးသမီးများ (အထူးသဖြင့် အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများ)ကို ကျယ်ကျယ်ပြန့်ပြန့် ဖယ်ကျဉ်ထားသည့် ရလဒ်မျိုးသာ ထွက်ပေါ်လာသည်။ အမျိုးသမီး အရေးသည် နိုင်ငံတကာအသိုက်အဝန်းမှ အာဘောင်အာရင်းသန်သန် ပြောဆိုမှုအများဆုံး နယ်ပယ်ကဏ္ဍဖြစ်နေသော်လည်း လက်တွေ့အလုပ်လုပ်ကိုင်မှု အနည်းဆုံးဖြစ်နေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများကို ထည့်သွင်းပါဝင်စေရန် ပြောဆိုခြင်းသည် မကြာခဏဆိုသလိုပင် နိုင်ငံတကာမူဝါဒချမှတ်သူများအား အခြားအလားအလာရှိသည့် သို့မဟုတ် အမှန်တကယ် ပါဝင်လျက်ရှိသူများ အကြောင်း မေးမြန်းပြောဆိုမှု မရှိသလောက်နည်းပါးသည့် မေးခွန်းများကိုမေးမြန်း စုံစမ်းရန် လှုံ့ဆော်ပေးလေ့ရှိသည်။ အမျိုးသမီးများသည် အောက်ခြေ လူတန်းစားများကို မျက်နှာသာပေးလွန်းသည် သို့မဟုတ် ရေပေါ်ဆီလူ့မလိုင်များဖြစ်သည်ဟု စွပ်စွဲပြောဆိုခံနေရသည်။ ၎င်းတို့၏အရည်အချင်းများနှင့် ရပ်ရွာအတွင်းရှိ၎င်းတို့၏ ရပ်တည်ချက်အပေါ် မေးခွန်းထုတ်ခံနေရပြီး ၎င်းတို့၏ 'ဖြည့်စွက်ပေး သည့် တန်ဖိုး' သို့မဟုတ် ထည့်ဝင်ကူညီမှု အထောက်အထားများ အပေါ် အယုံအကြည်တန်နေဆဲဖြစ်သည်။ အချို့သောအခြေအနေများ၌ နိုင်ငံတကဇာတ်ကောင်များသည် အမျိုးသမီးငြိမ်းချမ်းရေး ဖော်ဆောင်သူများကို မဖြစ်နိုင်လောက်သည်အထိ ထူးထူးခြားခြားတောင်းဆိုမှုများ ပြုလုပ်နေကြသည်။ ဥပမာအနေဖြင့် ၂၀၁၄ခုနှစ် ဒုတိယအကြိမ်မြောက် ဆီးရီးယား ဆွေးနွေးပွဲ၌အကြီးတန်း သံအရာရှိတစ်ဦးကဆီးရီးယန်းအမျိုးသမီးများအနေဖြင့်(သင့်တော်သည့်အရည်အချင်းရှိကြောင်း ပြဆိုသည့်အနေဖြင့်) အကြမ်းဖက်အစွန်းရောက် အင်အားစုများကို ရပ်တန့်နိုင်ပါသလားဟု မေးမြန်းခဲ့သည်။ ယနေ့အချိန်ထိ မည်သည့်အစိုးရမျှ စီမံဖြေရှင်းနိုင်ခြင်း မရှိသေးသည့် စွမ်းဆောင်ရည်မျိုးကို မေးခွန်းထုတ် မေးမြန်းခဲ့ခြင်းဖြစ်သည်။[22]

*"အမျိုးသမီးတွေဖက်က ကြားဝင်ဖျန်ဖြေသူတွေနဲ့ စေ့စပ်ညှိနှိုင်းရေးသမားတွေကို အင်တိုက်အားတိုက် စည်းရုံးလှုံ့ဆော်မှုမပြုဘဲ အစုအဖွဲ့တစ်ခုအဖြစ် စေ့စပ်ဆွေးနွေးပွဲမှာ အသာတကြည်ပါဝင်ခွင့်ရတာမျိုးက မရှိသလောက်ကိုရှားပါတယ်။ ဆန့်ကျင်ဘက်အနေနဲ့ မကြာခဏဆိုသလို သူတို့ကိုအထောက်အပံ့ဖြစ်စေတဲ့ ဘာသာရေးအဖွဲ့အစည်းလို အခြားအရပ်ဖက်လူမှုအဖွဲ့အစည်းတွေကို ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းထားလေ့ရှိတယ်။ အမျိုးသမီးတွေကို အစီအစဉ်တကျဖြစ်တဲ့ ထောက်ကူပြုကဏ္ဍကနေ ထည့်သွင်းပါဝင်စေပြီး စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်အပေါ် လွှမ်းမိုးနိုင်တဲ့ အခွင့်အလမ်းမျိုးရပေးခဲ့ရင် သူတို့တွေဟာ ကျား/မရေးရာနဲ့ အမျိုးသမီးအရေးကိစ္စတွေသာမက အရေးပါတဲ့ အခြားအကြောင်းအရာတွေကိုပါ ဆွေးနွေးပွဲအစီအစဉ်ထဲ ဆောင်ကျဉ်းလာတတ်တယ်။ ကုန်ကုန်ပြောရရင် အမျိုးသမီးတွေဟာ စေ့စပ်ဆွေးနွေးတဲ့နေရာကို ဘယ်တုန်းကမှ အပျက်သဘောသက်ရောက်မှုတွေ မသယ်ဆောင်လာခဲ့ဖူးပါဘူး။"*

*Graduate Insitute of Geneva ရှိ ပူးပေါင်းပါဝင်မှုကျယ်ပြန့်လာရေးစီမံကိန်းမှ*
Thania Paffenholz



*"အရည်အချင်းပြည့်ဝတဲ့ အမျိုးသမီးတွေမရှိဘူးလို့ လွယ်လွယ်ပြောလို့မရပါဘူး။ အရည်အချင်းပြည့်ဝတဲ့ အမျိုးသမီးတွေ အများကြီးရှိသလို ထက်ဝက်မကတဲ့ လူဦးရေရှိတဲ့ အမျိုးသမီးတွေကို ဆုံးဖြတ်ချက်ချမှတ်တဲ့နေရာမှာ ချန်လှပ်ထားလို့မရပါဘူး။"*

Betty Ogwaro၊ *ယူဂန်ဒါအစိုးရနှင့် ဘုရင့်တော်လှန်ရေးတပ်မတော်(LRA)အကြား ကြားဝင်ဖျန်ဖြေပေးသည့်အဖွဲ့မှ (တောင်ဆူဒန်)အဖွဲ့ဝင်*

အမျိုးသမီးများအား ထည့်သွင်းပါဝင်စေရေး တောင်းဆိုမှုများသည်အနောက်တိုင်း NGOs များ၏ လှုံ့ဆော်မှုကြောင့်ဖြစ်ပြီး စံသတ်မှတ်ချက် မူဘောင်သည်လည်း လက်တွေ့အရှိတရားထက်စာလျှင် စိတ်ကူးပေါ်၌သာ အခြေခံလျက်ရှိသည်ဟူသည့် လွဲမှားသောအယူအဆမျိုး အမြစ်တွယ်လျက်ရှိသည်။ ဤအချက်သည် သီးခြားယဉ်ကျေးမှု အခင်းအကျင်းအလိုက် ခွဲခြားထားသည့် အမျိုးသမီးများ၏ ဩဇာအာဏာနှင့် အခန်းကဏ္ဍဆိုင်ရာ လွဲမှားသည့် ထင်မြင်ယူဆချက်များကြောင့် ပိုမိုဆိုးရွားလာသည်။ ဥပမာအားဖြင့် ၂၀၁၁ခုနှစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွင်း ဆိုမာလီအမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း ၍

21. See O'Reilly, Ó Súilleabháin, and Paffenholz, "Reimagining Peacemaking," International Peace Institute (June 2015); see also, Thania Paffenholz, "Results on Women and Gender from the 'Broader Participation' and 'Civil Society And Peacebuilding' Projects," Geneva: The Graduate Institute of International and Development Studies' Centre on Conflict, Development and Peacebuilding (April 2015).

22. Author was present during the discussions between Syrian women peace activists and a senior governmental envoy, Geneva, Switzerland, January 2014.

သံတမန်အသိုက်အဝန်းမှ အဖွဲ့ဝင်အများအပြားက ဆိုမာလီယာသည် အမျိုးသမီးများ၌ ဩဇာအာဏာနှင့် လွှမ်းမိုးနိုင်စွမ်းကင်းမဲ့သည့် ရှေးရိုးစွဲယဉ်ကျေးမှုအစဉ်အလာရှိခဲ့သည့် နိုင်ငံဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ယနေ့ အချိန်ထိ ဆိုမာလီအမျိုးသမီးများသည် ဓားစာခံများကို ပြန်လွှတ်ပေးရန်၊လေဆိပ်သစ်ဖွင့်လှစ်ရန်နှင့် လူသားချင်းစာနာ ထောက်ထားရေးနှင့် ဆေးဝါး အကူအညီများပေးအပ်နိုင်ရန်အတွက် Al Shabab နှင့် စေ့စပ်ညှိနှိုင်းလာခဲ့သည်။[23] ၎င်းတို့၏ သက်ဆိုင်ရာမျိုးနွယ်စုများနှင့်လူမှုအသိုက်အဝန်းအတွင်းရှိ၎င်းတို့၏ရပ်တည်ချက်အနေအထားများက စစ်ဘုရင်များနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ တပ်ဖွဲ့ဝင် စာရင်းပယ်ဖျက်ရန် စခန်းများထူထောင်၍ လည်ပတ်ဆောင်ရွက်ခြင်းနှင့် ကြားဝင်ဖျန်ဖြေ ပေးရန် ရှေ့မီနောက်မီ ပုဂ္ဂိုလ်များကို ချိတ်ဆက် ဆောင်ရွက်ခြင်းတို့အတွက် များစွာအထောက်အကူပြုခဲ့သည်။[24] အလားတူပင် အာဖဂန်နစ္စတန်၌လည်း အမျိုးသမီးများသည် တာလီဘန်များနှင့် ပုံမှန်စေ့စပ်ညှိနှိုင်းလျက် ရှိသည်သို့မဟုတ် ဒေသအဆင့် နိုင်ငံရေးလုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သို့သော် နိုင်ငံတကာအသိုက်အဝန်းကမူ ယခုအချိန်ထိ တာလီဘန်များသည်အမျိုးသမီးများနှင့် စကားပြောလိမ့်မည်မဟုတ်ဟု ဆက်လက်ပြောဆို နေကြဆဲ ဖြစ်သည်။

## ဇယားကွက် (၂) အမျိုးသမီးတွေ ဘာပြောနေကြသလဲ။
## ပူးပေါင်းပါဝင်မှုနှင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅

*အဓိကကျသည့် တွေ့ရှိချက်များကို ရွေးချယ်ဖော်ထုတ်ခြင်း*[25]

၁။ အစိုးရများ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် SCR 1325 အစီအစဉ်နှင့် ပတ်သက်၍ **နားလည်မှု လွဲမှားနေဆဲ သို့မဟုတ် သိမြင်နားလည်မှုလွဲမှားနေဆဲဖြစ်သည်။**

၂။ **အစိုးရများနှင့် နိုင်ငံတကာကြားဝင် ဖျန်ဖြေသူများသည် မိမိတို့၏ တာဝန်ကို ထမ်းဆောင်မှုမရှိဘဲ ပျက်ကွက်လျက်ရှိသည်။** အမျိုးသမီးများ၏ အမြင်သဘောထားများကို ထည့်သွင်းပါဝင်စေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း ပါဝင်လျက်ရှိသည့် အစိုးရများ သို့မဟုတ် ကြားဝင်ဖျန်ဖြေသူများ၏ လုပ်ငန်းဖော်ဆောင်မှုပိုင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ၌ ပါဝင်မှုမရှိသေးပေ။

၃။ **အမျိုးသမီးများ ပူးပေါင်းပါဝင်လာစေရန် အားပေးအားမြှောက်ပြုသည့် အရေးယူဆောင်ရွက်ချက်များကို စနစ်တကျရေးဆွဲ ဖော်ဆောင်ခြင်းထက် ကံအကြောင်းတိုက်ဆိုင်မှုဖြင့် အလျဉ်းသင့်သလိုသာမောင်းနှင်လျက်ရှိသည်။**

၄။ **အလှူရှင်များသည် ပြောထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပေ။** UNSCR 1325 နှင့် ပတ်သက်သည့် ၎င်းတို့၏မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူသားချင်း စာနာထောက်ထားရေး အစီအစဉ်များ၊ ပဋိပက္ခအခင်းအကျင်း၌ သံတမန်နည်းလမ်းဖြင့် ကြားဝင်ဆောင်ရွက်မှုများအကြား အချိတ်အဆက် ပျောက်ဆုံးလျက် ရှိသည်။

၅။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲဝင်ခွင့်သည် "ခင်ဗျားဘယ်သူလဲ" "ခင်ဗျားမှာ စစ်တပ်တစ်ခုခုရှိသလား" ဟူသည့် စံသတ်မှတ်ချက်အပေါ် မူတည်နေဆဲဖြစ်သည်။** သုံးသပ်ကြည့်ရသလောက် အမျိုးသမီးများသည် အဆင့်မြင့်စေ့စပ်ညှိနှိုင်းမှု အတွေ့အကြုံရှိသည့် အထင်ကရခေါင်းဆောင် တစ်ဦးနှင့် နောက်ခံအင်အား ကျယ်ပြန့်သည့်အောက်ခြေလူထုအတွင်း တက်ကြွလှုပ်ရှားသူတစ်ဦးအဖြစ် တစ်ပြိုင်တည်းဖြစ်နေမှသာလျှင် ပါဝင်ဆွေးနွေးရန် အရည်အချင်းပြည့်မီ သကဲ့သို့ ဖြစ်နေသည်။ ထိုသို့ဆောင်ရွက်နိုင်လျှင်ပင် ပါဝင်ခွင့်ရရန် အပြည့်အဝ အာမခံချက် မရှိသေးပေ။ လက်နက်ကိုင် ဇာတ်ကောင်များအတွက်မူ လက်နက်ကိုင် အကြမ်းဖက်နိုင်စွမ်းရှိရုံဖြင့် အရည်အချင်းပြည့်မီသူ ဖြစ်နေသည်။

၆။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ကျယ်ပြန့်ပြည့်စုံသည့် ငြိမ်းချမ်းရေးကို ကြိုးပမ်းရှာဖွေနေခြင်းမရှိပေ။** ယင်းအစား ၎င်းတို့သည်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး၊ နိုင်ငံရေးအစီအစဉ်များနှင့် ရေပေါ်ဆီနိုင်ငံရေးသမားများအတွက် သင့်လျော်သည့် ပဋိပက္ခစီမံခန့်ခွဲရေးကိစ္စရပ်များကိုသာ အလေးပေးအာရုံစိုက်လေ့ရှိသည်။

၇။ နိုင်ငံတကာဇာတ်ကောင်များနှင့် အစိုးရပေါင်းများစွာသည် **အမျိုးသမီးများ၏ အရေးအရာများကို ပါးစပ်ဖြင့်သာ ဝန်ဆောင်မှု ပေးလျက်ရှိပြီး** အရေးပါသည့် ပင်မအရေးယူဆောင်ရွက်ချက်များအတွင်း ထိထိမိမိ ပံ့ပိုးကူညီ ပေးထားခြင်းမရှိပေ။

23. Raised in discussions between Somali women leaders at UN hosted meeting with Author (Nairobi: 2011).
24. See Faiza Jama, "Somali Women and Peacebuilding, "Conciliation Resources (2010), Accord 21; Hudda Ibrahim, "Somali Women Mobilizing for Peace," Somali Current (January 2, 2015).
25. Sanam Anderlini and John Tirman,"What the Women Say: Participation and UNSCR 1325, A Case Study Assessment." MIT Center for International Studies/ICAN, October 2010.

၈။ **အမျိုးသမီးများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်ချိတ်ဆက်နေခြင်းမရှိပေ။** လေ့ကျင့်သင်ကြားပေးသည်ဆိုလျှင်ပင် အုပ်ချုပ်စီမံရေးနှင့် အာဏာခွဲဝေရေးကဲ့သို့သော အဓိကကိစ္စရပ်ပေါင်းများစွာကိုတစ်ထိုင်တည်း ကိုင်တွယ်နိုင်စေရန် အမျိုးသမီးများအား ထိထိရောက်ရောက် ပြင်ဆင်ပေးထားခြင်းမရှိပေ။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ အားလုံးပါဝင်လာစေရန် "မည်ကဲ့သို့" ဆောင်ရွက်မည်နည်းဟူသည့် မေးခွန်းကို အဖြေရှာခြင်း။

အမြင့်ဆုံးအဆင့်၌ ထည့်သွင်းပါဝင်စေခြင်းနှင့်ပတ်သက်သည့် နားလည်သဘောပေါက်မှုပုံစံများအပါအဝင် ကြားဝင်ဖျန်ဖြေရေးနှင့် ပဋိပက္ခဖျန်ဖြေရေးအလေ့အထများ သိသိသာသာ ပြောင်းလဲတိုးတက်လာသော်လည်း မြောက်များလှစွာသော သမားရိုးကျငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများအားထည့်သွင်းပါဝင်စေရန် တွန့်ဆုတ်နေဆဲဖြစ်သကဲ့သို့ နားလည်လက်ခံသည့် ပုံစံပါလွဲမှားနေဆဲဖြစ်ကြောင်းတွေ့မြင်နေရသည်။အမျိုးသမီးအများစုသည်မိမိတို့၏အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှဖယ်ကြဉ်ခံနေရသည်။ ၎င်းတို့အနေဖြင့် ဝင်ရောက်ဆွေးနွေးမှုမပြုနိုင်စေရန် တားဆီးလျက်ရှိသည့် စိန်ခေါ်မှုများစွာ ကြုံတွေ့ကြရာဝယ် ဥပမာ ကြားဝင်ဖျန်ဖြေသူများနှင့် တတိယအုပ်စုဝင် စေ့စပ်ညှိနှိုင်းရေးသမားများအကြား နိုင်ငံရေးဆန္ဒကင်းမဲ့နေခြင်းနှင့် မိမိတို့၏ ကျွမ်းကျင်မှုအရည်အချင်းနှင့် တရားဝင်မှုကို ယုတ်လျော့ပျက်ပြယ်စေလိုသည့် မေးခွန်းများ သို့မဟုတ် အမျိုးသမီးများအတွက် ခွဲခြားပြင်ဆင်ထားသည့် အလေ့အထများကို ရင်ဆိုင်နေကြရသည်။

ဤကဲ့သို့သော အခြေအနေမျိုးကို တွေ့မြင်နေရသဖြင့် အပြည်ပြည်ဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ လှုပ်ရှားမှုကွန်ရက်(ICAN)နှင့် မိတ်ဖက်အဖွဲ့အစည်းများသည်[26] အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရများနှင့်နိုင်ငံတကာအဖွဲ့အစည်းများကို ၂၀၁၄ ခုနှစ် ဇွန်လအတွင်း ခေါ်ယူစည်းဝေး၍ "ပိုကောင်းသည့် ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှု" စာတမ်းကို ရေးဆွဲပြင်ဆင်ခဲ့သည်။ ဖိုရမ်သည် အဘယ်ကြောင့်အားလုံးပါဝင်သင့်သနည်းဟူသည့် မေးခွန်းထက် ကျော်လွန်၍ မည်ကဲ့သို့ကျင့်သုံးဖော်ဆောင်လျက်ရှိသနည်းဟူသည့် မေးခွန်းကိုပါ ချဉ်းကပ်ဆွေးနွေးခဲ့သည်။ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အားလုံးပါဝင်စေရန် ဆောင်ရွက်ရာ၌ ကြုံတွေ့ရလေ့ရှိသည့် ဘုံစိန်ခေါ်မှုများနှင့် လက်တွေ့လုပ်ငန်း စဉ်များအတွင်း ပေါ်ပေါက်လာလေ့ရှိသည့် စိန်ခေါ်မှုများကို ဖြေရှင်း နိုင်မည့် ဖြေရှင်းရေးနည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာခဲ့ကြသည်။

ပိုကောင်းသည့် ငြိမ်းချမ်းရေးခြေလှမ်းသစ်အတွက် တွေ့ဆုံမေးမြန်းမှုများ၊တိုက်ဒေသအလိုက် လူထုဆွေးနွေးပွဲများနှင့် ညီလာခံများကို ဆက်လက်ဖော်ဆောင်ခဲ့ပြီးနောက် အခန်း(၂)အတွင်း ဖော်ပြထားသည့် **ပိုကောင်းသည့်ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်**(BPT)၌ အားလုံးပါဝင်မှုရှိရေးအတွက်အဓိက ဘုံအတားအဆီးကြီး (၆) ခု (အခန်း ၁)ကို ရှင်းလင်းဖော်ပြထားပြီး ကြားဝင် ဖျန်ဖြေရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ (အခန်း ၂)အတွင်း **အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် ကျား/မရေးရာ အမြင်သဘောထားများ**ကို ပိုမို စနစ်ကျသည့် ဖွဲ့စည်းတည်ဆောက်ပုံမျိုးဖြင့် ထည့်သွင်း ပေါင်းစပ်ရာ၌ ထိန်းကျောင်းလမ်းညွှန်ပေးရန် ရိုးရှင်းသော်လည်း ကျယ်ပြန့်ပြည့်စုံသည့်မူဘောင် တစ်ရပ်ကိုပါ ပြင်ဆင်ပေးထားသည်။

## ဘယ်သူတွေက "အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူတွေလဲ။"

"အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများ" ဆိုသည်မှာ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးမှုကို လိုလား၍ လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အားပေးအားမြှောက်ပြုရန် သံဓိဋ္ဌာန်ချမှတ်ဖော် ဆောင်လျက်ရှိသည့် တစ်သီးပုဂ္ဂလအမျိုးသမီးများနှင့် အမျိုးသမီးများ ဦးစီးခေါင်းဆောင်သည့် အဖွဲ့အစည်းများကို ရည်ညွှန်းခြင်းဖြစ်သည်။ အချို့သောသူများက တရားမျှတရေးအတွက် စည်းရုံးလှုပ်ရှားလျက်ရှိစဉ် အချို့က လည်း ကျား/မရေးရာရှုထောင့်မှနေ၍ ပဋိပက္ခ၏ ရိုက်ခတ်မှုများကို ကိုင်တွယ်ဖြေရှင်း၍ ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးများသည် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးမှုပြုရန် ပထမဦးဆုံး တောင်းဆိုလေ့ရှိသူများဖြစ်သော်လည်း ယခုအချိန်ထိ ဘေးဖယ်ခံထားရဆဲဖြစ်သည်။ (စာမျက်နှာ ၁၄ ရှိ ဇယားကွက်(၃)၌ အရပ်ဖက် လူမှုအဖွဲ့အစည်း ရွေးချယ်သတ်မှတ်ရေး စံနမူနာကို ကြည့်ရှုပါ။)

26. UN Women, United States Institute of Peace, The Institute for Inclusive Security, Women in International Security, Crisis Management Initiative, Athena Consortium, The Global Network of Women Peacebuilders, Swisspeace.

# အပိုင်း (၂)

## ပိုကောင်းသည့် ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်

## အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စေ့စပ်ဆွေးနွေးပွဲများအတွက် လမ်းညွှန်ချက်

ကြားဝင်ဖျန်ဖြေရေး၌ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို ချိတ်ဆက်ပါဝင်စေခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်နိုင်သည့် အပေးအယူကောင်းတစ်ရပ်ရှိနေသည်။ သို့သော်လည်း အရေးယူဆောင်ရွက်ချက် အများစုသည် အလျဉ်းသင့်သလို ဆောင်ရွက်ခြင်းသာဖြစ်သကဲ့သို့ ရန်ပုံငွေထောက်ပံ့ ပေးသည်ဆိုသော်လည်း ထောက်ပံ့ပို့ဆောင်ရေးအကူအညီများ ပေးအပ်ခြင်းမရှိသလို အမျိုးသမီးများအား ထည့်သွင်းပါဝင်စေရန် လိုအပ်သည်ဟု အာဘောင်အာရင်းသန်သန် ထောက်ခံအားပေးသည်ဆိုသော်လည်း လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ သို့မဟုတ် ငွေကြေးပိုင်းဆိုင်ရာ အထောက်အပံ့များဖြင့် ကျောထောက်နောက်ခံ ပြုထားခြင်းမရှိပေ။ အမြဲတမ်းလိုလိုပင် ငြိမ်းချမ်းရေး ဇာတ်ကောင်များကို ချိတ်ဆက်ဖော်ပြသည့်အဆင့်နှင့် လုပ်ငန်းစဉ်အတွင်း ထည့်သွင်းပေါင်းစပ်ထားသည့် "ငြိမ်းချမ်းရေး" သဘောတရားကို ရေးဆွဲပြင်ဆင်သည့် အဆင့်၌ ပျောက်ဆုံးနေလေ့ရှိသည်။ ပိုကောင်းသည့် ငြိမ်းချမ်းရေး လက်စွဲ လမ်းညွှန်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တိုင်း၌ ကြုံသလိုဆောင်ရွက်လေ့ရှိသည့် အလေ့အထများကို ရှောင်လွှဲရန်နှင့် ပိုမိုကျယ်ပြန့်ပြည့်စုံ၍စနစ်တကျရှိသည့် ချဉ်းကပ်ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုကာ ငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့် ကြားဝင်ဖျန်ဖြေမှု အလေ့အထများတိုးတက် ကောင်းမွန်လာစေရန် အတွက်ရိုးရှင်းလွယ်ကူသည့် မူဘောင်တစ်ရပ်ကို ပြင်ဆင်ပေးထားသည်။

### ပိုကောင်းတဲ့ ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်ဆိုတာဘာလဲ။

ပိုကောင်းသည့် ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်သည် စနစ်တကျရှိသည့် ဖွဲ့စည်းတည်ဆောက်ပုံမျိုးဖြင့် ထည့်သွင်းပါဝင်စေခြင်းကို အလေးပေး အာရုံစိုက်ခြင်းဖြင့် ကြားဝင်ဖျန်ဖြေရေးလုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရန် အထောက်အကူပြုသည့် အများသုံးလက်စွဲလမ်းညွှန်ရင်းမြစ်တစ်ခုဖြစ်သည်။

- အကြမ်းဖက်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှရေးကို လိုလားထောက်ခံသည့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ - အထူးသဖြင့် **အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများ၊**
- ကျား/မရေးရာ သဘောတရားများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အရေးပါသည့် ကိစ္စရပ်များဖြစ်သည်။

တစ်ဖက်သတ် နည်းလမ်းတစ်ရပ်တည်းဖြင့် အရာအားလုံးကို ဖြေရှင်း၍မရနိုင်ပေ။ သို့ဖြစ်၍ လက်စွဲလမ်းညွှန်၌ ထိရောက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သေချာစေရန် သက်ဆိုင်ရာအခင်းအကျင်းပေါ်လိုက်၍ အလိုက်သင့်လိုက်လျောညီထွေပြင်ဆင်ရန်လိုအပ်သည့် တန်ဆာပလာများကိုသာ မီးမောင်းထိုးဖော်ပြထားခြင်း ဖြစ်သည်။

### ဘယ်သူတွေအသုံးပြုဖို့ ရည်ရွယ်တာလဲ။

ဤလက်စွဲလမ်းညွှန်သည် အစိုးရပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ စေ့စပ်ညှိနှိုင်းလျက်ရှိသည့် အဖွဲ့အစည်းများနှင့် သံဓိဌာန်ချဖော်ဆောင်လျက်ရှိသည့် အခြားအဖွဲ့အစည်းများအပါအဝင် တတိယအုပ်စုဝင် အစိုးရများအတွက် အဓိကရည်ရွယ်ခြင်းဖြစ်သည်။

၁။ ပဋိပက္ခ သို့မဟုတ် အကျပ်အတည်းတစ်ရပ်ကို ကြားဝင်ဖျန်ဖြေခြင်း၊

၂။ ကြားဝင်ဖျန်ဖြေမှုကို ရေးဆွဲပြင်ဆင်ခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ရန်ပုံငွေထောက်ပံ့ခြင်း၊

၃။ ရေရှည်တည်တံ့ခိုင်မြဲသည့် ပဋိပက္ခဖြေရှင်းရေး နည်းလမ်းမျိုးကို အထောက်အကူပြုခြင်းနှင့်တစ်ကျော့ပြန် သို့မဟုတ် ပိုမိုဆိုးရွားပြင်းထန်သည့် အကြမ်းဖက်မှုဆီသို့ ဦးလှည့်သွားစေနိုင်သည့် လုပ်ငန်းစဉ်၏ အားနည်းချက် ပျော့ကွက်နှင့် ဆက်စပ်၍ထွက်ပေါ်လာသည့် အရဲစွန့်ရမှု အန္တရာယ်ကို လျော့ပါးသက်သာစေခြင်း၊

၄။ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာကြားဝင်ဖျန်ဖြေရေးဆိုင်ရာ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်း၊

၅။ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအစဉ် (UNSCR 1325 နှင့် ဆက်စပ်ဆုံးဖြတ်ချက်များ)ကို အကောင်အထည်ဖော်ခြင်းနှင့်

၆။ UNSCR 1325 နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများအား ထည့်သွင်းပါဝင်စေခြင်းရှိမရှိ စောင့်ကြည့်အကဲခတ်ရန်နှင့် စည်းရုံးလှုံ့ဆော်ခြင်း။

## ဘာကြောင့် ထည့်သွင်းပါဝင်စေခြင်းက အရေးကြီးရသလဲ။

အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ထည့်သွင်း ပါဝင်စေခြင်းအားဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ အဓွန့်ရှည် တည်တံ့ခိုင်မြဲမှုနှင့် တရားဝင်မှုကို ပိုမိုခိုင်မာ အားကောင်းလာစေသည်။

- လုပ်ငန်းစဉ်အတွင်းတစ်မျိုးသားလုံး သက်ဆိုင်ပါဝင်မှုနှင့်အများပြည်သူ၏ ပါဝင်ဆောင်ရွက်မှု တိုးတက် ကောင်းမွန်လာစေသဖြင့် ဘေးဖယ်ခံထားရသည့် အင်အားစုများ၏ လုပ်ငန်းစဉ် လမ်းချော်သွားစေရန် ကြိုးပမ်းအားထုတ်မှုများကို လျှော့ချပေးခြင်း၊
- ရန်လိုနေကြသည့် စေ့စပ်ညှိနှိုင်းရေး အဖွဲ့အစည်းများအား မျှမျှတတ 'အာဏာ' ခွဲဝေပေးရန်နှင့် မိမိတို့ လူ့ဘောင်အသိုက်အဝန်း၏ အနာဂတ်များ အတွက် 'တာဝန်ယူမှု'ရှိရှိဖြင့် ပိုမို တာဝန်ခံလာစေခြင်း၊
- ရန်လိုနေကြသည့် နှစ်ဖက်အဖွဲ့အစည်းများအကြား အကြမ်းဖက်မှုကို အဆုံးသတ်၍ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းလိုသည့် နိုင်ငံရေးဆန္ဒများ အားကောင်းလာစေရန် အားပေးတိုက်တွန်းခြင်း၊
- အလွန်အရေးကြီးသည့် လူသားချင်းစာနာ ထောက်ထားရေးနှင့်လူသား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊
- ပြဿနာရပ်များကို အပြောင်းအလဲပြုလုပ်၍ ဖြေရှင်းနိုင်စေရန် အခြား အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊
- ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေးသဘောတရားများနှင့် အလေ့အထများအပေါ် စုပေါင်းလက်ခံထားသည့် ဘုံနားလည်သဘောပေါက်မှုကိုပိုမို ကျယ်ပြန့်လာစေပြီး ငြိမ်းချမ်းရေးတည်ဆောက်သူများ၏ အသိဉာဏ်ကို ပိုမို အလင်းရလာစေခြင်းနှင့်
- ရရှိထားသည့် သဘောတူညီချက်များကို သံမဏ္ဍာန်အခိုင်အမာချမှတ်၍ အကောင်အထည်ဖော်မည့် အလားအလာ မြင့်တက်လာစေခြင်း၊

## အခန်း (၁)

## အများအားဖြင့် တွေ့ရလေ့ရှိသည့် အတားအဆီးများနှင့် ဆန်းသစ်သည့်ဖြေရှင်းရေးနည်းလမ်းများ

## အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အခွင့်အလမ်းသစ်

### လူမှုရေးအသွင်ကူးပြောင်းရေးကဲ့သို့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအသွင်ကူပြောင်းမှု လုပ်ငန်းစဉ်များသည်အကြမ်းဖက်မှုကို အဆုံးသတ်၍ လက်နက်ကိုင်ပဋိပက္ခ ပြေလည်သွားစေရေးကိုသာ အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လာခဲ့ကြသည်။ မည်သို့ဆိုစေ၊ ၎င်းလုပ်ငန်းစဉ်များသည် ပဋိပက္ခ သို့မဟုတ် အကျပ်အတည်း ရိုက်ခတ်မှုဒဏ် ခံခဲ့ရသည့် နိုင်ငံများ အသွင်ကူးပြောင်းရန် မရှိမဖြစ် လိုအပ်သည့် အခွင့်အလမ်းများကိုပါ ဖော်ထုတ်ပေးအပ်လျက်ရှိသည်။ ယင်းအခွင့်အလမ်းများက အစိုးရယန္တရားသစ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ခေတ်နှင့်လျော်ညီသည့် တရားစီရင်ရေးစနစ်များ၊ အာဏာ အဆောက်အအုံသစ်များနှင့် လူမှုအသိုက်အဝန်းတစ်လွှားရှိ ပဋိပက္ခ၏ နောက်ဆက်တွဲဆိုး ကျိုးသက်ရောက်မှုများနှင့် ဇစ်မြစ်အကြောင်းတရားများကို ကုစားပေးသည့် လူမှုဆက်ဆံရေးနှောင်ထုံးများကို ဆောင်ကျဉ်းပေးနိုင်ပါသည်။ ကမ္ဘာတစ်လွှားရှိ လူထုလှုပ်ရှားမှုများက အုပ်ချုပ်ရေးကဏ္ဍအတွင်းယခုထက် ပို၍ ပူးပေါင်းပါဝင်ခွင့်ပြုရန် တောင်းဆိုလျက်ရှိသည့်အပြင် ငြိမ်းချမ်းရေး လုပ်ငန်း စဉ်များ၏ အကြမ်းဖက်မှုအဆုံးသတ် ရေးကဲ့သို့သော ရေတိုရည်မှန်းချက် ပန်းတိုင်များမှသည် အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးကဲ့သို့သော ရေရှည်ရည်မှန်းချက်ပန်းတိုင်များ ချမှတ် ဆောင်ရွက်ရန် တောင်းဆိုမှုများသည်လည်း တဖြည်းဖြည်းကျယ်လောင်လာလျက် ရှိသည်။

> *"အမျိုးသမီးတွေက ကျား/မရေးရာနဲ့ တိုင်းရင်းသားရေးရာ ကိစ္စရပ်တွေကို ဆောင်ကျဉ်းလာပြီး အုပ်ချုပ်စီမံရေးနဲ့ လူထုသဘောထားတွေကို ကုစားပေးနိုင်တဲ့အတွက် သူတို့တွေကို စားပွဲပေါ် ရောက်စေချင်တာပါ။ စေ့စပ်ညှိနှိုင်းသူတွေနဲ့ အကောင်အထည်ဖော်တဲ့သူတွေ ရိုးသားမှုရှိအောင် သူတို့တွေပဲ ထိန်းကျောင်းပေးနေတာပါ။"*
>
> သံအမတ် Don Steinberg၊ *အင်ဂိုလာနိုင်ငံ အမေရိကန်သံအရာရှိဟောင်းနှင့် World Learning ၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ*

အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ထည့်သွင်းပါဝင်စေခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ ပြုပြင်ပြောင်းလဲရေး အခြေပြု ချဉ်းကပ်ဆောင်ရွက်မှုအတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ် ဖြစ်သည်။ BPT၌ အားလုံးပါဝင်မှုရှိရန် အခက်အခဲဖြစ်စေလျက်ရှိသည့် အောက်ပါ အတားအဆီး (၆)ခုကို ကျော်လွှားနိုင်စေမည့် ခြေလှမ်းများကို အဆိုပြုထားသည်။

### ပထမအတားအဆီး

"ကျနော်တို့က အားလုံးကို ကိုယ်စားပြုပြီးသားဖြစ်တယ်။" ပဋိပက္ခဇာတ်ကောင်များသည် အမျိုးသမီးများအား စားပွဲပေါ်၌ လိုလိုလားလားလက်ခံကြလိမ့်မည် မဟုတ်ပါ။

### ဒုတိယအတားအဆီး

"ကြားဝင်ဖျန်ဖြေသူအနေနဲ့ အရာအားလုံးကို တစ်ယောက်တည်း မလုပ်နိုင်ပါဘူး" သို့မဟုတ် အမျိုးသမီးတွေကို ဦးစားပေးအနေနဲ့ ထည့်သွင်းပါဝင်စေဖို့ မစဉ်းစားကြဘူး။

### တတိယအတားအဆီး


"ဒါနဲ့ဒီအမျိုးသမီးတွေက ဘယ်သူတွေတုန်း။" အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများ၏ တရားဝင်မှုကို မေးခွန်းထုတ်ခြင်း။

### စတုတ္ထအတားအဆီး

"ဒါက အမျိုးသမီးတွေနဲ့ မသက်ဆိုင်ဘူး။" စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များသည် 'နည်းပညာ'ဆန် သဖြင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် 'သက်ဆိုင်ခြင်း မရှိပါ။'

### ပဉ္စမအတားအဆီး

"ဒီနေရာကို ကျမ အရည်အချင်းနဲ့ ရောက်လာတာပါ။" အမျိုးသမီးကိုယ်စားလှယ်များ ဤသို့ပြောဆိုခြင်းသည် 'ကျမတို့အနေနဲ့ အမျိုးသမီး တွေကို ကိုယ်စားမပြုပါဘူး' ဟု ဆိုခြင်းဖြစ်သည်။




### ဆဋ္ဌမအတားအဆီး

"အမျိုးသမီးတွေကို ခွဲခြားဖယ်ထုတ်ထားတာက ယဉ်ကျေးမှုလိုဖြစ်နေပြီး" "ငြိမ်းချမ်းရေးစားပွဲဆိုတာ ကျား/မ ရေးရာ တန်းတူညီမျှရေးကို ဆွေးနွေးငြင်းခုန်ရမဲ့နေရာမဟုတ်ဘူး။"

ဤအတားအဆီးများသည် ညာဖက်ရှိပုံတွင် ပြထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်အသီးသီးနှင့် စေ့စပ်ညှိနှိုင်းသည့် ကဏ္ဍအလိုက် ခေါင်းစဉ်အသီးသီး၌ ပေါ်ထွက် လာလေ့ရှိသည်။

## ပထမအတားအဆီး

## "ကျနော်တို့က အားလုံးကို ကိုယ်စားပြုပြီးသားဖြစ်တယ်။"

## ပဋိပက္ခဇာတ်ကောင်များသည် အမျိုးသမီးများအား စားပွဲပေါ်၌ လိုလိုလားလားလက်ခံကြလိမ့်မည်မဟုတ်ပါ။

အတွေ့အကြုံနှင့် သုတေသနပြုချက်များအရ ရန်လိုတိုက်ခိုက်လျက်ရှိသည့် နစ်ဖက် အင်အားစုများသည် အထူးသဖြင့် ရှေးရိုးနောက်မီသက်ကြီးရွယ်အိုများနှင့် ဘာသာရေးခေါင်းဆောင်များကဲ့သို့သော အရပ်ဖက်ဇာတ်ကောင်များနှင့်လက်တွဲ ဆောင်ရွက်ရန် လိုလိုလားလားရှိကြသည်။ သို့သော်လည်း အမျိုးသမီးများနှင့် ပတ်သက်လာပါက အခင်းအကျင်းတိုင်းလိုလို၌ သိသိသာသာ ငြင်းဆန်လေ့ရှိကြသည်။ အမျိုးသမီးများအား ခွဲခြားဖယ်ထုတ်ထားခြင်းသည် 'ယဉ်ကျေးမှု' ဓလေ့သာဖြစ်ကြောင်း နစ်ဖက်စလုံးက ပြောဆိုဆင်ခြေ ပေးတတ်ကြသော်လည်း အချက်အလက်များက တစ်ကမ္ဘာလုံး၌ ဖြစ်ပျက်လျက်ရှိကြောင်းနှင့် မကြာခဏ ဆိုသလို လိင်မတူကွဲပြားမှုနှင့်ပတ်သက်သည့် အယူဝါဒပေါ် နက်နက်ရှိုင်းရှိုင်း အခြေခံလျက်ရှိကြောင်း ပြဆိုလျက်ရှိသည်။ အမျိုးသမီးများကို ခွဲခြားဖယ်ထုတ်ရန် သုံးနှုန်းလေ့ရှိသည့် ဆင်ခြေများ၌ "သူတို့မှာ ကိုယ်ပိုင်အရည်အချင်းမရှိလို့ပါ" ဟူသည့် ကိစ္စရပ်မှသည် တိုက်ပွဲနယ်မြေအတွင်း နေထိုင်လျက်ရှိသည့်အမျိုးသမီးများ အပါအဝင် အမျိုးသမီးများအတွက် "သွားရေးလာ ရေးလုံခြုံမှုမရှိ" ဟူသည့် ကိစ္စရပ်အထိ အကြောင်းပြလေ့ရှိသည်။

### ဒီအတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။

၁။ အမျိုးသမီးများအား ထည့်သွင်းပါဝင်စေခြင်းသည် ရန်လိုတိုက်ခိုက်လျက်ရှိသည့် အင်အားစုများ၏ အကျိုးစီးပွားများကို ပိုမိုအကျိုးဖြစ်ထွန်းစေသည်ဟူသည့်အချက်ပေါ် အခြေခံ၍ ကိုးကားပြောဆိုပါ။ အဘယ်ကြောင့်ဆိုသော် (က) မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများကိုဂရုတစိုက်ရှိကြောင်း ပြဆိုခြင်းအားဖြင့် ၎င်းတို့၏ တရားဝင်မှုကို ပိုမိုခိုင်မာသွားစေပြီး (ခ) စေ့စပ်ညှိနှိုင်းမည့် အကြောင်းအရာများကိုပိုမိုကျယ်ပြန့်လာစေ၍ သာမန်လူထုများအပေါ် ရိုက်ခတ်လျက်ရှိသည့် ကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်လာစေသည်။

၂။ နည်းပညာပိုင်းကျွမ်းကျင်နံ့စပ်၍ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် အခိုင်အမာချိတ်ဆက်မှုရှိသည့် အမျိုးသမီးများကို ခန့်အပ်တာဝန်ပေးရန် နစ်ဖက်အင်အားစုများကို တိုက်တွန်းပြောဆိုပါ။

၃။ အမျိုးသမီးနှင့် အမျိုးသားများအပေါ် စစ်ပွဲ၏ ရိုက်ခတ်မှုပုံစံနှင့်တုန့်ပြန်ဆောင်ရွက်မှုပုံစံကို ကိုယ်စားလှယ်များအားလုံး နားလည် သဘောပေါက်နိုင်စေရန်အတွက် ခေါင်းစဉ်အလိုက် ကျား/မရေးရာ သုံးသပ်ချက်စာတမ်းများကို ပြင်ဆင်ပေးပါ။

၄။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသို့မဟုတ်အခြားအုပ်ချုပ်ရေးယန္တရားများမှ အမျိုးသမီးများကို ထည့်သွင်းပါဝင်စေရန် တိုက်တွန်းပြောဆိုပါ။

၅။ အမျိုးသမီးများကို အရေးပါသည့် အရေးအတွက်တစ်ခုအထိ ပါဝင်ဆောင်ရွက်စေသည့် အင်အားစုများအတွက် ကိုယ်စားလှယ်နေရာ ထပ်တိုးပေးခြင်းကဲ့သို့သောအပြုသဘောဆန်သည့် မက်လုံးများပြင်ဆင်ပေးပါ။

၆။ အနည်းဆုံးပါဝင်ရမည့် အမျိုးသမီးအရေအတွက်သတ်မှတ်၍ ခွဲတမ်းစနစ် တစ်ရပ်ထူထောင်ကာ အမျိုးသမီးများ ခန့်အပ်တာဝန်ပေးခံရခြင်းမရှိပါက အဆိုပါကိုယ်စားလှယ်နေရာများကို အလွတ်ထားပေးရမည်။

၇။ မိမိတို့၏ ရပ်ရွာအသိုက်အဝန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်မှုအပေါ် ရိုက်ခတ်လျက်ရှိ သည့်ကိစ္စရပ်များကို မီးမောင်းထိုးပြရန်အတွက် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် ပဋိပက္ခ ဇာတ်ကောင်များအကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်လာစေရန် ပံ့ပိုးကူညီပါ။

၈။ ကိုယ်စားလှယ်အဖွဲ့များအတွင်း အမျိုးသမီးများအား ထည့်သွင်းထားရှိပါက လိုအပ်သည့် နည်းပညာအကူအညီများ ပေးအပ်ရန်နှင့် အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် ချိတ်ဆက်ပေးရန်အတွက် သီးသန့်တွေ့ဆုံဆွေးနွေးပါ။

၉။ ကြားဝင်ဖျန်ဖြေသူများနှင့် ၎င်းတို့၏အဖွဲ့များကို အကြောင်းကြား၍ လိုအပ်သလိုအကြံပေးရန် ကျား/မရေးရာထောက်ကူပြု ကျွမ်းကျင်ပညာရှင်အဖွဲ့များကို ဖွဲ့စည်းထားရှိရန် သံတမန်များအားတိုက်တွန်း ပြောဆိုပါ။

ကိုလံဘီယာ၌ အမျိုးသမီးနှစ်ဦးသည် ၎င်းတို့၏ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်လိမ္မာမှုနှင့် အသိပညာဗဟုသု တကြွယ်ဝမှုကြောင့် အစိုးရအဖွဲ့၌ ခန့်အပ် တာဝန်ပေးခံခဲ့ရပြီး အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်ရန် လိုလိုလားလားရှိခဲ့ကြသည်။ ကိုလံဘီယာ လုပ်ငန်းစဉ်

တစ်လျှောက် လမ်းကြောင်း ၁ နှင့် လမ်းကြောင်း ၂ လုပ်ငန်းစဉ်များအကြား ချိတ်ဆက်မှုများက အမျိုးသမီးများ၏ ဩဇာလွှမ်းမိုးနိုင်စွမ်းကို ငြိမ်းချမ်းရေးစားပွဲ ပြင်ပအထိ ကျယ်ပြန့်လာစေခဲ့သည်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ် အတွင်း အမျိုးသမီးနှင့် ငြိမ်းချမ်းရေးညီလာခံ၌ အမျိုးသမီးပေါင်း ၄၄၉ ဦးတက်ရောက်ပါဝင်ခဲ့ပြီး နောက်ပိုင်းစေ့စပ် ညှိနှိုင်းရေးအဖွဲ့များထံသို့ တင်သွင်းခဲ့သည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်အကောင်အထည်ဖော်ရေးဆိုင်ရာအဆိုပြုချက် (၆)ချက်ကို ရေးဆွဲပြင်ဆင်ခဲ့ကြ သည်။

---

## ဒုတိယအတားအဆီး

## "ကြားဝင်ဖျန်ဖြေသူအနေနဲ့ အရာအားလုံးကို တစ်ယောက်တည်း မလုပ်နိုင်ပါဘူး။"

## အမျိုးသမီးတွေကို ဦးစားပေးအနေနဲ့ ထည့်သွင်းပါဝင်စေဖို့ မစဉ်းစားကြဘူး။

အကြမ်းဖက်မှုကို အရေးတကြီးအဆုံးသတ်ရန် လိုအပ်မှုကြောင့်ကြားဝင်ဖျန်ဖြေသူများသည် မကြာခဏဆိုသလို အစောပိုင်းအဆင့်များသည် အမျိုးသမီးများနှင့် တိုက်ရိုက်ဆက်စပ်မှုမရှိဟု ယူဆလေ့ရှိသည်။ အချို့ကလည်း အမျိုးသမီးများအား ပါဝင်ဆောင်ရွက်စေခြင်းဖြင့် နူးညံ့သိမ်မွေ့၍ အကဲဆတ်သည့် လုပ်ငန်းစဉ်ကို ပိုမိုရှုပ်ထွေးသွားစေနိုင်သည် သို့မဟုတ် စေ့စပ်ညှိနှိုင်းရေးစားပွဲကို မလိုအပ်ဘဲ "ဝန်ပိ" လာစေနိုင်ပြီး ကျရှုံးသွားနိုင်သည့် အလားအလာ မြင့်တက်သွားစေနိုင်သည်ဟု စိုးရိမ်ပူပန်နေကြသည်။ အမျိုးသမီးများအား ထည့်သွင်းပါဝင်စေလိုလျှင်ပင် "ကြားဝင်ဖျန်ဖြေသူများသည် ဘုရားမဟုတ်သဖြင့်" အမျိုးသမီးများကို ထည့်သွင်းပါဝင်စေရန် နှစ်ဖက်အင်အားစုများအား အကြိမ်တိုင်း စည်းရုံး ဆော်ဩနိုင်မည်မဟုတ်ပါ။ သို့သော်လည်း အမျိုးသမီးများအား ထည့်သွင်းပါဝင်စေခြင်းသည် ထိုက်တန်သည့်ရည်မှန်းချက် တစ်ရပ်ဖြစ်သည်ဟု သုတေသနများက အခိုင်အမာပြဆို လျက်ရှိသည်။ အခြေအနေ တော်တော်များများ၌ အမျိုးသမီးများသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ၍ ဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက် နိုင်စေသည့် အဝန်းအဝိုင်းမျိုးဖန်တီးရာ၌ အဓိကကျသည့် သော့ချက်နေရာမှပါဝင်ဆောင်ရွက်ခဲ့ကြသည်။

## ဒီအတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။

၁။ သံတမန် သို့မဟုတ် ကြားဝင်ဖျန်ဖြေသူတစ်ဦးကို ခန့်အပ်တာဝန်ပေးသည့်အခါ လုံခြုံရေးကောင်စီဆုံး ဖြတ်ချက်အမှတ် ၁၃၂၅ အကောင်အထည်ဖော်ရေးကိုပါ တာဝန်တစ်ရပ်အဖြစ် အပ်နှင်းပေးပါ။

၂။ အမျိုးသမီးများအား ထည့်သွင်းပါဝင်စေရန် သံဓိဋ္ဌာန်ချမှတ်ထားသည့် တတိယအစုအဖွဲ့များအား(ဥပမာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မိတ်ဖက်အင်အားစုများ) ရှာဖွေချိတ်ဆက်၍ အောက်ပါအကူအညီများကို တောင်းခံရယူပါ။

- စံသတ်မှတ်ထားသည့် တာဝန်ဝတ္တရားများ၊ ထိရောက်အကျိုးရှိစေရေးအတွက် အမျိုးသမီးများ၏ အပြုသဘောဆန်သည့် သက်ရောက်လွှမ်းမိုးမှုနှင့် အခြားဒေသများရှိ ကြားဝင်ဖျန်ဖြေရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံ များကို ရည်ညွှန်းကိုးကား၍ ကြားဝင်ဖျန်ဖြေသူနှင့် အတူ အမျိုးသမီးများအား ထည့်သွင်းပါဝင်စေရေး အလွတ်သဘော စည်းရုံးလှုပ်ရှားပါ။
- လုပ်ငန်းစဉ် စတင်ကတည်းက စနစ်တကျအပြန်အလှန်ချိတ်ဆက် ဆောင်ရွက်မှုကို အားပေးအား မြှောက်ပြုရန် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် သံတမန်အဖွဲ့အကြား အစည်းအဝေးများကို စီစဉ်ကျင်းပပါ သို့မဟုတ် ပံ့ပိုးဆောင်ရွက်ပါ။
- ၎င်းတို့၏ အမျိုးသမီးအင်အားစုများနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများကို အစီရင်ခံရန် သံတမန်အဖွဲ့ကို တရားဝင် တောင်းဆိုပါ။
- ရွေးချယ်ခန့်အပ်မှုကို စောင့်ကြည့်အကဲခတ်ခြင်းနှင့် ရန်ပုံငွေခွဲဝေချထားမှုမှတစ်ဆင့် ကြားဝင်ဖျန် ဖြေရေးအဖွဲ့အတွင်း အစက တည်းက ထည့်သွင်းပါဝင်မှု/ကျား-မရေးရာကျွမ်းကျင်နှံ့စပ်မှုရှိသည့် အတိုင်ပင်ခံတစ်ဦးပါရှိကြောင်း သေချာအောင်ဆောင်ရွက်ပါ။

၃။ အမျိုးသမီးများနှင့် လက်တွဲအလုပ်လုပ်ကိုင်ခဲ့ဖူးသည့် ယခင်သံတမန်များကို ပြန်လည်ခေါ်ယူ၍ အားလုံး ပါဝင်မှုရှိစေရန် မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း စံနမူနာများဖြင့် သာဓကပြပါ။

၄။ လုပ်ငန်းစဉ်များအတွင်း အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများအား ထည့်သွင်းပါဝင်စေရာမှ ရရှိ သည့် အကျိုးကျေးဇူးများနှင့် အတွေ့အကြုံကောင်းများနှင့်ပတ်သက်သည့် အခြားကြားဝင်ဖျန်ဖြေသူများ နှင့် သံတမန်များ၏ သာဓကဖြစ်ရပ်များနှင့် ထုတ်ဖော်ပြောဆိုချက်များကို ကိုးကားဖော်ပြပါ။

၅။ မတူကွဲပြားသည့် နယ်ပယ်ခေါင်းစဉ်အလိုက် သဘောတူထားပြီးဖြစ်သည့် အချက်များအတွင်း ထည့်သွင်းနိုင်မည့် ကျား/မရေးရာ ဘာသာစကား အသုံးအနှုန်းများကို နမူနာဖော်ပြပါ။

၆။ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနယ်ပယ်၌ ကျွမ်းကျင်နှံ့စပ်မှုရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်၍နယ်ခံ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို အကောင်းဆုံး အထောက်အကူပြုနိုင်စေရန် ၎င်းတို့အား တွေ့ဆုံဆွေးနွေးပါ။

၂၀၁၄ ခုနှစ်အတွင်းကုလသမဂ္ဂအထူးကိုယ်စားလှယ်ဟောင်းမေရီရော်ဘင်ဆန်သည် DRCနှင့် တိုက်ဒေသကြီးအတွင်း ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာ၌ အမျိုးသမီးများ၏ အခန်းကဏ္ဍများကိုအားပေးမြှင့်တင်ရန် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပေါင်းစည်းဆောင်ရွက်ရေး မူဘောင်အတွက် The Great Lakes အမျိုးသမီးစင်္ကြံကို တည်ထောင်ခဲ့သည်။ ဤစင်္ကြံသည် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို ရန်ပုံငွေထောက်ပံ့ပေး၍ ၎င်းတို့အား တရားဝင်အဖွဲ့ဝင်များအတွင်း အမျိုးသမီးများကို ကျယ်ကျယ်ပြန့်ပြန့် ဘေးဖယ်ထားသည့် ပြည်တွင်းနှင့် တိုက်ဒေသကြီးအလိုက် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီများနှင့် ချိတ်ဆက်ပေးခဲ့သည်။

---

## တတိယအတားအဆီး

## “ဒါနဲ့ ဒီအမျိုးသမီးတွေက ဘယ်သူတွေတုန်း။”

## အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများ၏ တရားဝင်မှုကို မေးခွန်းထုတ်ခြင်း။

အစုအဖွဲ့တစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလများ၏ တရားဝင်မှုကိုမေးခွန်းထုတ်ခြင်းသည် ကြားဝင်ဖျန်ဖြေရေး လုပ်ငန်းစဉ်မှ ၎င်းတို့ကိုဖယ်ထုတ်လိုသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ အမျိုးသမီးများအား ထည့်သွင်းပါဝင်စေခြင်းနှင့် ပတ်သက်၍ ဤ ‘တရားဝင်မှု’ ဆိုင်ရာ မေးခွန်းများကို မကြာခဏမေးမြန်းလေ့ ရှိသည်။ ၎င်းတို့သည် ‘အောက်ခြေ လူတန်းစားဆန်လွန်းသည်’ ဟူ၍ဖြစ်စေ ‘အခွင့်ထူးခံလွန်းသည်’ ဟူ၍ဖြစ်စေ ဘောင်ခတ်ခံရလေ့ရှိသဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ပူးပေါင်းပါဝင်ရန် အများယုံကြည်လက်ခံမှုနှင့် သတ်မှတ်အရည်အချင်းကင်းမဲ့သွားကြရသည်။ တစ်ချိန်တည်းမှာပင် ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် ရေမှီနောက်မီ သက်ကြီးရွယ်အိုများကဲ့သို့သော အခြားအရပ်ဖက်လူ့အဖွဲ့အစည်းများသည် ဤကဲ့သို့သော အရည်အချင်းစစ်ဆေးမှုကို ဖြတ်သန်းစရာမလိုဘဲ လွယ်လင့်တကူ ပါဝင်ဆောင်ရွက်ခွင့်ရနေကြသည်။

မည်သို့ဆိုစေ လက်နက်ကိုင်ဆောင်၍ အကြမ်းဖက်မှုကို ကျူးလွန်နေကြသည့် အင်အားစုများသည် အင်အားသုံး၍ လုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီးလုပ်နိုင်ကြသူများဖြစ်သဖြင့် တရားဝင်မှုရှိမရှိ မည်သူမျှမေးမြန်းလေ့မရှိဘဲ အစစ်အဆေးမရှိ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ခံရလေ့ရှိသည်။ ဤကဲ့သို့သော လိုတစ်မျိုးမလိုတစ်မျိုးစံနှုန်းမျိုးသည် ပဋိပက္ခဖန်တီးသူကို စားပွဲပေါ်၌ ထိုင်ခုံနေရာချီးမြှင့်ခြင်းဖြင့် အကြမ်းဖက်ကြရန် မက်လုံးပေးသည့် အရဲစွန့်ရမှု အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်နေသည့်အပြင် အကြမ်းမဖက်ဘဲ ပဋိပက္ခဖျန်ဖြေရန် သံဓိဋ္ဌာန်ချမှတ်ထားသည့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် အခြားအရပ်ဖက်လူ့အဖွဲ့အစည်းဇာတ်ကောင်များကိုပါ မျက်နှာလွှဲခဲပစ်ရာ ရောက်သွားစေလျက်ရှိသည်။

## ဒီအတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။

၁။ ပဋိပက္ခအတွင်း ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏ ခေါင်းဆောင်မှု နောက်ခံသမိုင်းကြောင်း၊ ယခင်က စည်းရုံးလှုပ်ရှားမှုနှင့် အောင်မြင်မှုများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ကြားဝင်ဖျန်ဖြေရေး၊ အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းများ၊ လူမှုရေးနှင့်ယဉ်ကျေးမှု အပြောင်းအလဲပုံစံများနှင့် ပတ်သက်သည့် ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို သုတေသနပြုပါ။

၂။ အမျိုးသမီးများသည် ‘အခွင့်ထူးခံလွန်းသည်’ သို့မဟုတ် ‘အောက်ခြေလူတန်းစားဆန်လွန်းသည်’ သို့မဟုတ် အရည်အချင်းပြည့်မီခြင်းမရှိဟူသည့် အကြောင်းပြချက်များကို ပြန်လည်သုံးသပ်၍ စားပွဲပေါ်ရှိ အမျိုးသားများ၏ အရည်အချင်းများကို ပြန်လှန်မေးခွန်းထုတ်ခြင်းအားဖြင့် ထိထိမိမိငြင်းပယ်ပါ။

၃။ ဘုံတန်ဖိုးထားမှုများ၊ ကျွမ်းကျင်မှု အရည်အသွေးများနှင့်ကျောထောက်နောက်ခံမဲဆန္ဒနယ်များအပေါ် အခြေခံ၍ အရပ်ဖက် လူ့အဖွဲ့အစည်းများကို ထည့်သွင်းပါဝင်စေသည့် စံသတ်မှတ်ချက် များနှင့်အတူ 'မျှမျှတတ ထည့်သွင်းပါဝင်မှုရှိသော' လုပ်ငန်းစဉ်တစ်ရပ်အတွက် ပုံသေနည်း တစ်ခု ရေးဆွဲအကြံပြုပါ။

၄။ လုပ်ငန်းစဉ်အတွက် ဘုံသဘောထား ရပ်တည်ချက်စာတမ်း ရေးဆွဲပြင်ဆင်ရန် လူထုဆွေးနွေးတိုင်ပင်ပွဲများ စီစဉ်ကျင်းပ၍ ၎င်းတို့၏ ကိုယ်စားပြုမှုအတွက် ရွေးကောက်တင်မြှောက်သည့် သို့မဟုတ် ရွေးချယ်ခန့်အပ်သည့် လုပ်ငန်းစဉ်များကို သဘောတူညီချက်ရယူသည့် အမျိုးသမီးများ၏ ကြိုးပမ်းအားထုတ်မှုကို ပံ့ပိုးကူညီပါ။

ဆီးရီးယားနိုင်ငံရှိ ဒေသအလိုက် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများကို စေ့စပ်ညှိနှိုင်းရာ၌ အလွန်အရေးပါသည့် အခန်းကဏ္ဍမှ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခဲ့ကြသော်လည်း ၂၀၁၄ ခုနှစ်အစောပိုင်း ဂျီနီဗာ၌ ကုလသမဂ္ဂမှ ကြားဝင်၍ စီစဉ်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ဆိုးဆိုးရွားရွားချန်လှပ်ခံခဲ့ကြရသည်။ ထိုအချိန်က အထောက်အကူပြုသည့် တတိယအစုအဖွဲ့ဝင် အစိုးရများသည် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂသံတမန်အကြား တွေ့ဆုံစည်းဝေးပွဲဖြစ်မြောက်စေရန် ၎င်းတို့၏ နိုင်ငံရေးသြဇာဖြင့် ချိန်ခွင်လျှာညှိပေးခဲ့ကြသည်။ တရားဝင် ဆွေးနွေးပွဲဖြစ်စဉ်၌ အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်ခွင့်မရခဲ့ကြသော်လည်း တရားဝင် လုပ်ငန်းစဉ်အတိုင်း အစောပိုင်းကာလ၌ ဤကဲ့သို့ ထိတွေ့ဆောင်ရွက်ခွင့်ရခဲ့ကြသဖြင့်အကျိုးထူးရရှိခဲ့ကြသည်။ အမျိုးသမီးများကိုထည့်သွင်းပါဝင်စေရန် ပြင်ပမှ ဖိအားပေးခြင်းသည် ပိုမိုစနစ်တကျ ရှိသည့် ချိတ်ဆက်ဆောင်ရွက်မှုဖြစ်လာစေရန် ပေါင်းကူးပေးခဲ့သဖြင့် နောက်ပိုင်း၌ လမ်းကြောင်း (၁) ကိုယ်စားလှယ်များအနေဖြင့် ဆီးရီးယန်းအမျိုးသမီးများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ အခြားတရားဝင် ကြားဝင်ဖျန်ဖြေ ရေးလုပ်ငန်းစဉ်များထက်စာလျှင် ပိုမိုကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံမှုရှိခဲ့သည်။

---

**ဇယားကွက် (၃) ကြားဝင်ဖျန်ဖြေရာ၌ ပါဝင်ဆောင်ရွက်စေမည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ရွေးချယ်ရန်အတွက် စံသတ်မှတ်ချက်နမူနာ**

ပဋိပက္ခအခင်းအကျင်း၌ အရပ်ဖက်လူမှုအဖွဲ့အစည်း အဟောင်းနှင့်အသစ် ဟူ၍ ရှိနေတတ်သည်။ ကြားဝင်ဖျန်ဖြေရာ၌ ထည့်သွင်းပါဝင် စေရန်အတွက် မည်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းရာ၌ အမှန်တကယ် အထောက်အကူပြုနိုင်ကြောင်း ရွေးချယ်သတ်မှတ်ရန် အတွက် စံသတ်မှတ်ချက်တစ်ရပ် ရှိရန်လိုအပ်သည်။ အောက်တွင် နမူနာ ဖော်ပြထားသည့် စံသတ်မှတ်ချက်သည် ကမ္ဘာတစ်လွှားမှ နိုင်ငံတကာကြားဝင်ဖျန်ဖြေရေး ကျွမ်းကျင်ပညာရှင်များနှင့်ငြိမ်းချမ်းရေး သံတမန်များနှင့် ဆွေးနွေးတိုင်ပင်ရာမှ ဆင်းသက် ပေါက်ဖွားလာခြင်း ဖြစ်သည်။

### ဘုံတန်ဖိုးထားမှုများနှင့် သံမိဋ္ဌာန်များ

- အငြင်းပွားမှုကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာဖျန်ဖြေခြင်း၊
- လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေး၊
- လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွင်း ကျား/မရေးရာ ထောက်ထားခြင်း၊
- နိုင်ငံရေးအရ အနှောင်အဖွဲ့ကင်းခြင်း သို့မဟုတ် ဘက်လိုက်မှုကင်းရှင်းခြင်း၊
- ပါဝင်ကိုယ်စားပြုခြင်း/အမျိုးသမီး၊ လူငယ်၊ လူနည်းစုများနှင့် အပယ်ခံလူထုလူတန်းစားများကဲ့သို့သော မတူကွဲပြားသည့် နယ်ပယ် အသီးသီးအား ထည့်သွင်းပါဝင်စေခြင်း။

### အနည်းဆုံး ဤနယ်ပယ်တစ်ခုခု၌ ကျွမ်းကျင်နှံ့စပ်မှုရှိသည့် အရည်အချင်း

- လက်တွေ့ အတွေ့အကြုံရှိခြင်းနှင့် အောက်ခြေမြေပြင်၏ ပကတိ အနေအထားအပေါ် ကျား/မရေးရာအမြင်ဖြင့် သိမြင်နားလည်ခြင်း၊
- အမျိုးသမီးများ/ အရပ်ဖက်လူ့အဖွဲ့အစည်းကို အခိုင်အမာကိုယ်စားပြု ရပ်တည်ပေးခဲ့သည့် နောက်ခံသမိုင်း၊
- လူသားချင်းစာနာထောက်ထားမှု၊ အစောပိုင်းပြန်လည်ထူထောင်ရေး သို့မဟုတ် အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဖော်ထုတ်ပေးအပ်ခြင်း၊

- လက်နက်ကိုင်အင်အားစုများကို လက်လှမ်းမီနိုင်မှု သော်လည်းကောင်း ယာယီတပ်ဖွဲ့ဝင်များအဖြစ် တပ်သားသစ် စုဆောင်းမှုကို ကာကွယ်တားဆီးခြင်းသော်လည်းကောင်း၊
- လက်နက်ဖြုတ်သိမ်းရေး/ပြန်လည်ထူထောင်ရေးနှင့် အများပြည်သူ/ရပ်ရွာလုံခြုံရေး၊
- ကြားဝင်ဖျန်ဖြေမှု/ ငြိမ်းချမ်းရေးဖော်ဆောင်မှု အတွေ့အကြုံ အထူးသဖြင့် ရပ်ရွာအသိုက်အဝန်းများအကြား၊
- လူမှုရေးပေါင်းစည်းညီညွတ်မှုနှင့် ငြိမ်းချမ်းရေးယဉ်ကျေးမှုကိုအားပေးမြှင့်တင်ခြင်း၊
- တရားမျှတရေးကို အလေးပေးအာရုံစိုက်၍ အရေးကိစ္စများကို ပြန်လည်ကုစားခြင်းနှင့် ထိခိုက်နစ်နာသူများနှင့် လက်တွဲအလုပ် လုပ်ခြင်း၊
- ဒေသခံလူထုလူတန်းစားများနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို သိမြင်နားလည်ခြင်းနှင့်အတူ သဘာဝသယံဇာတအရင်းအမြစ်များနှင့် မြေယာအခွင့်အရေးများအပါအဝင် အရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များ၊

## မဲဆန္ဒရှင်များ၏ သဘောသဘာဝ

သက်ဆိုင်ရာ ကျောထောက်နောက်ခံမဲဆန္ဒနယ်၏ ကျယ်ပြန့်နက်ရှိုင်းမှုအပေါ်မူတည်၍ အဖွဲ့အစည်းအမျိုးမျိုးကွဲပြားနိုင်သော်လည်း အောက်ပါနယ်ပယ်များ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများကို ထည့်သွင်းပါဝင်စေခြင်းဖြင့် အကျိုးထူးရရှိနိုင်ပါသည်။

- "အောက်ခြေမြေပြင်ရှိ" မဲဆန္ဒနယ်တစ်ခုခုနှင့် အဆက်အသွယ်ရှိခြင်း၊
- အပယ်ခံအစုအဖွဲ့များအပါအဝင် ဒေသခံလူထုလူတန်းစားကို အသိပေးအကြောင်းကြား၍ နားစိုက်ထောင်ပေးသည့် တုန့်ပြန်မှတ်ချက်ပေးရေး ယန္တရားများ၊
- လူထုသဘောထားအပေါ် ဩဇာလွှမ်းမိုး၍ စည်းရုံးလှုံ့ဆော်နိုင်သည့် စွမ်းဆောင်ရည်၊
- အမျိုးသမီး၊ လူငယ်၊ လူနည်းစုအင်အားစုများနှင့် ပထဝီရေမြေ အနေအထား/ တိုင်းရင်းသား နယ်မြေဒေသများ/ဘာသာရေး အစုအဖွဲ့များအလိုက် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ကိုယ်စားပြုခြင်း၊

## စတုတ္ထအတားအဆီး
## "ဒါက အမျိုးသမီးတွေနဲ့ မသက်ဆိုင်ဘူး။"
## စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များသည် 'နည်းပညာ'ဆန်သဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် 'သက်ဆိုင်ခြင်းမရှိပါ။'

အချို့ကလည်း စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များသည် အမျိုးသမီးများ စိုးရိမ်ပူပန်ရမည့် ကိစ္စရပ်များမဟုတ်သဖြင့် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းပွဲများ၌ အမျိုးသမီးများကို မဖြစ်မနေထည့်သွင်း ပါဝင်စေရန် မလိုအပ်ဟု စောဒကတက်လျက်ရှိသည်။ တနည်းဆိုရသော် လုံခြုံရေးအသားပေးအစီအစဉ်နှင့် "အမျိုးသမီးရေးရာ ကိစ္စရပ်များ" ဆက်စပ်အကျုံးဝင်ခြင်းမရှိဟု ရှုမြင်သုံးသပ်ခြင်းဖြစ်သည်။ သို့သော်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှသည် အပစ်အခတ်ရပ်စဲထားစဉ်အတွင်း အရပ်သားပြည်သူများ၏ ဘေးကင်းလုံခြုံရေး လိုအပ်ချက်များအထိ ပဋိပက္ခမောင်းနှင်အားများအတွင်း ဤကိစ္စရပ်များ၏ အရေးပါသည့် အခန်းကဏ္ဍကို မျက်နာလွှဲခဲပစ်ရာရောက် လျက်ရှိသည်။ ငြိမ်းချမ်းရေးစကားဝိုင်းများ၌ ပါဝင်ဆောင်ရွက်ခွင့်ရလာသည့်အခါ အမျိုးသမီးများသည် ဆွေးနွေးရမည့် ကိစ္စရပ်များကို ကြောင်းကျိုးခိုင်လုံစွာဖြင့် ပိုမိုကျယ်ပြန့်လာစေပြီး ရေတိုရေရှည် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပေါ်လွင်ထင်ရှား လာစေသည်။ ဤနည်းအားဖြင့် အခွန့်ရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ကျယ်ပြန့်ပြည့်စုံသည့် သဘောတူညီချက်မျိုးရရှိလာစေရန် အခြေခံကျကျ အားပေးကူညီလျက် ရှိသည်။



## ဒီအတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။

၁။ မြေမြှုပ်မိုင်းနယ်မြေဒေသများ၊ ခြိမ်းခြောက်မှုများနှင့် လက်နက်ကိုင်ဇာတ်ကောင်များ ဆွေးနွေးတင်ပြမည် မဟုတ်သည့် အရပ်သားပြည်သူများ၏ လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအပါအဝင် အမျိုးသမီးများ ဆွေးနွေးတင်ပြသည့် ခေါင်းစဉ်အများစုသည် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဖြစ်ကြောင်းကို မီးမောင်းထိုးပြပါ။

၂။ ပြောင်းလဲလာသည့် အကြမ်းဖက်မှုပုံစံများနှင့် ပတ်သက်သည့် အမျိုးသမီးများ ၏ ထက်မြက်သည့်အသိနှင့် အရဲစွန့်ရမှု အန္တရာယ်များအပေါ် ၎င်းတို့၏ စောင့်ကြည့်လေ့လာမှုပုံစံကို မီးမောင်းထိုးပြပါ။ ပဋိပက္ခအခင်းအကျင်း၌ အမျိုးသမီးများသည် ပိုမိုရွှေ့ပြောင်းလှုပ်ရှားရလေ့ ရှိသဖြင့် အခြားသူများအတွက် အဖိုးမဖြတ်နိုင်သည့် ဒေသန္တရ အသိပညာ ဗဟုသုတများကို ပိုင်ဆိုင်ထားကြသည်။

၃။ အမျိုးသမီးများသည် မိမိတို့၏ ရပ်ရွာအသိုက်အဝန်းနှင့် ထဲထဲဝင်ဝင် ချိတ်ဆက်ထားသူများဖြစ်ကြသဖြင့် အပစ်အခတ်ရပ်စဲရေး/စောင့်ကြည့် လေ့လာရေးအဖွဲ့များ၌ အကောင်းဆုံးအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်း ဆောင်နိုင်သူများဖြစ်ကြောင်း အသိအမှတ်ပြုပါ။

၄။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများသည် ၎င်းတို့၏ သက်ဆိုင် ရာရပ်ရွာအသိုက်အဝန်းများ၌ ယုံ ကြည်လေးစားခံရသူများဖြစ်ကြောင်း အမှတ်ရရန်လိုအပ်သည်။ ၎င်းတို့အနေဖြင့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက် မှုများ၊ အပစ်အခတ်ရပ်စဲရေးနှင့် အခြားကိစ္စရပ်များအပေါ် လူထု၏ အမြင်သဘောထား မည်ကဲ့သို့ရှိကြောင်း ဖော်ပြသည့်အဖိုးမဖြတ် နိုင်သော သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်းနှင့် အမြင်သဘောထား စစ်တမ်းကောက်ယူသည့် လုပ်ငန်းများကိုပံ့ပိုး ကူညီပေးနိုင်သည်။

၅။ ပဋိပက္ခနှင့် ဆက်စပ်၍ ပေါ်ပေါက်လာလေ့ရှိသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် မကြာခဏဆိုသလို ပဋိပက္ခကို ပိုမိုပြင်းထန်လာ စေပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို အကဲဆတ် လာစေသည့် အဓိကမောင်းနှင်အား ဖြစ်နေတတ်ကြောင်း ဂရုပြုရန် လိုအပ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း ဆွေးနွေး အဖြေရှာ နိုင်ခဲ့လျှင် ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းစဉ်အပေါ် ယုံကြည်စိတ်ချမှု မြင့်မားလာစေရန် တည်ဆောက်ပေးနိုင်သကဲ့သို့ ဆွေးနွေးပွဲ ပျက်ပြယ် မှုနှင့် စပ်လျဉ်း၍ ပေါ်ထွက်လာနိုင်သည့် ဘေးအန္တရာယ်များကိုလည်း လျှော့ချ ကန့်သတ်ပေးသည်။

၂၀၁၀ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပသည့် မင်းဒနော်လူထု စည်းဝေးပွဲ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို စောင့်ကြည့် လေ့လာမည့် အမျိုးသမီးသီးသန့် အရပ်သား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တစ်ခုကို စတင်မိတ်ဆက်ပေးခဲ့သည်။ အစောပိုင်း၌ ဖိလစ်ပိုင် နိုင်ငံတစ်လွှားရှိ ကျယ်ပြန့်သည့် ဘာသာရေး နောက်ခံအမျိုးမျိုးနှင့် တိုင်းရင်းသားမျိုးနွယ်စု ပါင်းစုံကို လွှမ်းခြုံကိုယ်စားပြုသည့် အမျိုးသမီး အယောက်(၃၀) ဖြင့် စတင်ခဲ့ သည်။ အများအပြားသည် စစ်ပွဲအတွင်း အမျိုးသမီးများ ရင်ဆိုင်ရသည့် အတွေ့အကြုံများနှင့် UNSCR 1325 ဖြည့်ဆည်းဆောင်ရွက်မှုအပေါ် အလေးအနက်ထား အာရုံစိုက်လာစေရန် အင်တိုက်အားတိုက် စည်းရုံးလှုံ့ဆော် ခဲ့ကြသူများဖြစ်ကြသည်။ အသက် (၂၀)မှ (၆၂) နှစ်အကြားရှိ အဆိုပါ အမျိုးသမီးများကို အရပ်သား လူထုလူတန်းစားများ၏ ဘေးကင်းလုံခြုံရေးကို စောင့်ကြည့်အကဲခတ်ရန်၊ ဝတ်ပြုကိုးကွယ်ရာ အထွင့်အမြတ်နယ်မြေများကို ပဋိပက္ခဇာတ်ကောင်များ လေးစားအသိအမှတ်ပြုကြောင်း သေချာစေရန်နှင့် နယ်ခံ လူထု၊လူတန်းစားများနှင့် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင် ခဲ့ရသူများအတွက် လူသားချင်းစာနာထောက်ထား ရေးအကူအညီများပေးအပ် ထောက်ပံ့မှုကို စောင့်ကြည့်လေ့လာ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဒေသန္တရ ပိုင်ဆိုင်မှုနှင့် ပါဝင်ဆောင်ရွက်မှု ခိုင်မာအားကောင်း လာသည်အထိ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ဟူသည့် ရှင်းလင်းပြတ်သားသည့်တာဝန် ဝတ္တရားများဖြင့် မင်းဒနော့်ဒေသ ပဋိပက္ခဒဏ်သင့် နယ်မြေအသီးသီးသို့ စေလွှတ်ခဲ့ကြသည်။ အစောပိုင်း၌ အချို့သောစစ်ဖက်နှင့် ဘာသာရေး ခေါင်းဆောင်များက အမျိုးသမီး များ၏ ပါဝင်ဆောင်ရွက်မှုကို လိုလိုလားလား မရှိခဲ့သော်လည်း လူထုလူတန်းစား များ၏ တုန့်ပြန်မှုသည် အားတက်သရောရှိခဲ့သည်။ မတူကွဲပြားသည့် အရှိတရား ကို အသုံးချ၍ စစ်မက်ဖြစ်ပွားလျက်ရှိသည့် မတူကွဲပြားသော အသိုက်အဝန်းများ အကြား ကွာဟချက်များကို ပေါင်းကူးတံတားထိုးပေးခဲ့ကြသည်။ အဖွဲ့ဝင်များ သည် စစ်ပွဲတစ်လျှောက် ရှင်သန်နေထိုင်လာခဲ့ကြသူများ ဖြစ်သောကြောင့် အရပ်သားပြည်သူများအတွက် လေးလေးနက်နက် စာနာနားလည်မှုရှိပြီး၎င်းတို့ အတွက် ပေးဆပ်ရန်အသင့်ရှိသူများ ဖြစ်ကြသလိုအစိုးရ တပ်နှင့် တော်လှန်ရေး တပ်ဖွဲ့များအား အပြုသဘောဆန်ဆန် လက်တွဲ ဆောင်ရွက်ရန် ဆန္ဒရှိကြ သူများ ဖြစ်ကြသည်။



## ပဉ္စမအတားအဆီး

### "ဒီနေရာကို ကျမအရည်အချင်းနဲ့ ရောက်လာတာပါ။" အမျိုးသမီးကိုယ်စားလှယ်များ ဤသို့ပြောဆိုခြင်းသည် 'ကျမတို့အနေနဲ့ အမျိုးသမီးတွေကို ကိုယ်စားမပြုပါဘူး'ဟု ဆိုလိုခြင်းဖြစ်သည်။

အားလုံးပါဝင်မှုရှိရန် မလိုလားသည့် ဆန့်ကျင်ကန့်ကွက်မှုသည် လက်နက်ကိုင် အင်အားစုများ သို့မဟုတ် အစိုးရ ဇာတ်ကောင်များထံမှသာ ဆင်းသက် လာခြင်း မဟုတ်ဘဲ အရပ်ဖက်လူ့အဖွဲ့အစည်းများထံမှလည်း ဆင်းသက်လာနိုင်သဖြင့် အမျိုးသမီးသံတမန်များ သို့မဟုတ် ကိုယ်စားလှယ်များနှင့် အရပ်ဖက် လူမှု အဖွဲ့အစည်းများအကြား မလိုလားအပ်သည့် တင်းမာမှုများကို ပေါ်ပေါက်လာစေ နိုင်သည်။ အချို့သော အခင်းအကျင်းများ၌ အမျိုးသမီးသံတမန်များသည်၎င်းတို့၏

ကြိုးစားအားထုတ်မှုနှင့် အရည်အချင်းကြောင့် ရရှိလာသည့် အကျိုးရလဒ်တစ်ခုထက် အမျိုးသမီးနေရာအတွက် ချန်ထားပေးသဖြင့် အလွယ်ရရှိခြင်း ဖြစ်သည်ဟု ရှုမြင်ခံရမည်ကို စိုးရိမ်ပူပန်ကြသဖြင့် ၎င်းတို့ကိုယ်ကို အောက်ခြေမြေပြင်ရှိ အမျိုးသမီးများနှင့် အဆက်အစပ်မရှိကြောင်း ပြဆိုနိုင်ရန်ပင် ကြိုးပမ်းခဲ့ကြသည်။ သို့ဖြစ်၍ စားပွဲပေါ်၌ အမျိုးသမီးတစ်ဦးရှိရုံမျှဖြင့် ၎င်းသည် မိမိနိုင်ငံ အတွင်းရှိ အမျိုးသမီးများ အားလုံးကို အလိုအလျောက် ကိုယ်စားပြုပြီးသားဖြစ်သည် သို့မဟုတ် ယင်းအမျိုးသမီးသည် ငြိမ်းချမ်းရေးတည် ဆောက်သည့် အသိုက်အဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ဟု အာမခံနိုင်ခြင်းမရှိပေ။

## ဒီအတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။

၁။ အမျိုးသမီးသံတမန်များအား ၎င်းတို့၏ တက်လမ်းအတွက် အထောက်အကူပြုသည့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအား အဆက်အသွယ်မပြတ် ဆက်လက်ချိတ်ဆက်ထားရန် အားပေးတိုက်တွန်းပါ။

၂။ အမျိုးသမီးသံတမန်များအား ခေါင်းဆောင်မှု အဆင့်အတန်းသို့ တင်မြှောက်ပေးပြီး ၎င်းတို့ကို ခန့်အပ်တာဝန်ပေးသည်အထိ စည်းရုံးလှုံ့ဆော်ပေးနိုင်သည့် အစုအဖွဲ့များနှင့် စည်းနှောင်ပေးသည့်ကျင့်ဝတ် စည်းကမ်းကို ကူညီပြင်ဆင်ပေးပါ။ ဤကဲ့သို့သောတစ်စိတ်တစ်ပိုင်း စည်းနှောင်အားရှိသည့် သဘောတူညီချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် ဘုံမျှော်မှန်းချက်ကို ပြင်ဆင်ပေးပါလိမ့်မည်။

၃။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ကိုယ်စားလှယ်နေရာ ရရှိထားကြသည့် အမျိုးသမီးများအတွက် လိုအပ်သည့် အကူအညီနှင့် အကြံဉာဏ်များ ဖော်ထုတ်ပေးအပ်၍ တစ်ဦးချင်းစီနှင့် ကာလရှည်လေ့ကျင့်သင်ကြားမှုပြုရန် ရင်းနှီးမြှုပ်နှံကာ ရုပ်ပိုင်းဆိုင်ရာအရ အန္တရာယ်များသည့် အခြေအနေမျိုး၌ပင် အမျိုးသမီးများ အလုပ်လုပ် ကိုင်နိုင်စေရန်ဆန်းသစ်သည့် အရေးယူဆောင်ရွက်ချက်များကိုပါ လိုအပ်သလို အသုံးပြုပါ။ အထူးသဖြင့် ပဋိပက္ခနှင့် ဆက်စပ်လျက်ရှိသည့် နယ်ပယ်ဒေသများ၌ အမျိုးသမီးများ၏ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများမြင့်မားတိုးတက်လာစေရန် ဆောင်ရွက်ပေးပါ။ ဤသို့ဆောင်ရွက်ပေးခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်ရလာစေရုံမျှမက အမျိုးသမီးများ အပေါ် အများယုံကြည်လက်ခံမှုကိုပါ မြင့်မားတိုးတက် လာစေလိမ့်မည်။

၄။ ငြိမ်းချမ်းရေးစကားဝိုင်းများ၌ လွှမ်းမိုးနိုင်စေမည့်မဟာဗျူဟာသင်တန်း များ ပို့ချပေးပါ။ ဉပမာအားဖြင့် အမျိုးသမီး သံတမန်များအနေဖြင့် ကျား/မ ရေးရာ ကွာဟချက်ကို ပေါင်းစည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်သည့်အပြင် ရာထူး သို့မဟုတ် ဝါစဉ်အကြီးအငယ်နှင့် သက်ဆိုင်ခြင်း မရှိဘဲ အမျိုးသားမဟာမိတ်များထားရှိ သင့်သည်။

အမျိုးသမီးကိုယ်စားလှယ်များသည် အမျိုးသမီးများ၏ အခွင့်အရေး အတွက် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလှုပ်ရှားသူများနှင့် အရပ်ဖက် လူ့အဖွဲ့အစည်း၏ အသံများကို ထောက်ခံအားပေးသူများ ဖြစ်လာနိုင်သော်လည်း ခေါင်းဆောင်မှု အဆင့်သို့ ရောက်ရှိလာသည့်အခါ ထိထိရောက်ရောက် စည်းရုံးလှုပ်ရှားနိုင်ရန် အတွက် ကျောထောက်နောက်ခံအင်အားနှင့် အသိပညာ ဗဟုသုတများဖြင့် ပံ့ပိုးပေးရန် လိုအပ်ပါသည်။ လက်ရှိပဋိပက္ခများအတွင်း ဤကိစ္စရပ်သည် မျှော်မှန်းထားသည်နှင့် သိသိသာသာ ကွဲပြားသည့်ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ တောင်ဆူဒန်နိုင်ငံ၌ ခန့်အပ်တာဝန်ပေးခံရသည့် အမျိုးသမီးများသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးအစုအဖွဲ့များနှင့် ဆက်နွယ်ပတ်သက်မှုကို ဖြတ်တောက်ပစ်ခဲ့ပြီး အစိုးရအင်အားစုများနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားခဲ့သည်။ မည်သို့ဆိုစေကာမူ ဖိလစ်ပိုင်နိုင်ငံ၏အစိုးရ ကိုယ်စားလှယ်အဖွဲ့အတွင်းရှိ အမျိုးသမီးစေ့ စပ်ညှိနှိုင်းသူများသည် အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် ဆက်နွယ်ပတ်သက်မှုကို အခိုင်အမာဆက်လက် ထိန်းသိမ်းထားရှိပြီး ၎င်းတို့၏ အကြံပြုချက်များကို ငြိမ်းချမ်းရေးစကားဝိုင်းများနှင့် ချိတ်ဆက်ပေးခဲ့ပြီး ဘန်ဆာမော်ရို အသွင်ကူးပြောင်းရေးဥပဒေအပေါ် ငြင်းခုန် ဆွေးနွေးခဲ့ကြသည်။



## ဆဋ္ဌမအတားအဆီး

## "အမျိုးသမီးတွေကို ခွဲခြားဖယ်ထုတ်ထားတာက ယဉ်ကျေးမှုလိုဖြစ်နေပြီ။"

## "ငြိမ်းချမ်းရေးစားပွဲဆိုတာ ကျား/မရေးရာ တန်းတူညီမျှရေးကို ဆွေးနွေးငြင်းခုန်ရမဲ့နေရာမဟုတ်ဘူး။"

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ အမျိုးသမီးများကို ခွဲခြားဖယ်ထုတ်ခြင်းသည် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်ဖြစ်ခဲ့မည်ဆိုပါက ကိုလံဘီယာနှင့် ဆီးရီးယား၊ မြန်မာနှင့် ဘူရွန်ဒီကဲ့သို့သော ရေခံမြေခံချင်း လုံးဝကွာခြားလျက်ရှိသည့် နယ်မြေဒေသများ

အကြား သိသိသာသာကွဲပြားခြားနားမှုကို မြင်တွေ့ကြရပါလိမ့်မည်။ ယခုအချိန်ထိ အမျိုးသမီးများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ခွဲခြားဖယ်ထုတ်မှုကို ဤအခင်းအကျင်းအားလုံး၌ တစ်ပုံစံတည်း တွေ့မြင်နေရသည်။ ကမ္ဘာ့အဝှမ်း ရိုက်ခတ်လျက်ရှိသည့် ဖြစ်ရပ်တစ်ခုဖြစ်လာလျက်ရှိသည်။ အခြားဆက်စပ်လျက်ရှိသည့် အကြောင်းတရားများစွာ ရှိသည့်အနက် အထူးသဖြင့် ငြိမ်းချမ်းရေးစားပွဲသည် အာဏာပွဲစား၍ အာဏာမျှဝေသုံးစွဲရန် ပြင်ဆင်သည့် နေရာတစ်ခုဖြစ်သည်ဟူသည့်အချက်သည် ဆက်စပ်မှုအရှိဆုံးဖြစ်နေသည်။ စားပွဲပေါ်သို့ ရောက်ရှိလာကြသူများကလည်း ကိုယ့်တာကိုယ်လုံရန်သာ ဦးစားပေးကြသည်။ ၎င်းတို့အနေဖြင့် လက်ရှိဆုပ်ကိုင်ထားသည့် အာဏာကို ခွဲဝေပေးရန် ဆန္ဒမရှိသလို အခြားအပြောင်းအလဲပြုလုပ်နိုင်သည့် အင်အားစုများကိုလည်း တာဝန်ခံလိုစိတ်မရှိကြပေ။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးစားပွဲသည် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအားဖြင့်ဖြစ်စေ အစီအစဉ်အတွင်း ကျား/မရေးရာ တန်းတူညီမျှရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းပြင်ဆင်ခြင်းအားဖြင့်ဖြစ်စေ အကဲဆတ်သည့် ယဉ်ကျေးမှုစံများကို ကိုင်တွယ်ဖြေရှင်းရန် အကြောင်းမရှိပါဟုလည်း အချို့စောဒကတက်လျက်ရှိသည်။ သို့သော်လည်း စားပွဲပေါ်သို့ ရောက်ရှိလာသည့် အမျိုးသမီးများသည် ကျား/မရေးရာ တန်းတူညီမျှရေးကိုသာ တောင်းဆိုရန် ရောက်ရှိလာခြင်းဖြစ်သည်ဟူသည့် ထင်မြင်ယူဆချက်သည် မှားယွင်းလျက်ရှိသည်။

## ဒီအတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။

၁။ စစ်ပွဲ၏ ရိုက်ခတ်မှုဒဏ်သည် အမျိုးသမီးများနှင့် အမျိုးသားများ၏ အရေးကိစ္စဖြစ်သည်ဟု ကိုးကားပြောဆိုခြင်းဖြင့် ဤအဆိုကိုပြန်လည်ချေပပါ။ တိုက်ပွဲနယ်မြေအတွင်း အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများသည်အထူးသဖြင့်အမျိုးသားများရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည့် ခြိမ်းခြောက်မှုအန္တရာယ်များ အပါအဝင် ရပ်ရွာလူထု၏ လိုအပ်ချက်များကို ထုတ်ဖော်ပြောဆိုလေ့ရှိသည်။

၂။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများသည် မကြာခဏ ဆိုသလို လူအယောက်စီတိုင်းနှင့် ဆက်စပ်မှုရှိသည့်အရေးပါသော ကိစ္စရပ်များကိုသာ ဆွေးနွေးတင်ပြလေ့ရှိကြောင်း မှတ်သားရန် လိုအပ်သည်။ (ဥပမာ ကျား/မရေးရာရှုထောင့်ဖြင့် သယံဇာတ အရင်းအမြစ်ခွဲဝေခြင်း၊ ရဲတပ်ဖွဲ့တွင်း ပြုပြင်ပြောင်းလဲရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး)

၃။ အဓိကကျသည့် အစီအစဉ်ခေါင်းစဉ်များနှင့်ပတ်သက်၍ အသိပေးကာ အကြံဉာဏ်ရယူရန် အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများကို အစည်းအဝေးခေါ်ယူပါ။ ၎င်းတို့အား ကျား/မရေးရာ ကိစ္စရပ်များနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များကိုသာ ဆွေးနွေးပြောဆိုခြင်းကို ရှောင်ကြဉ်ပါ။

၄။ အစီအစဉ်အတွင်းပါရှိသည် အဓိကခေါင်းစဉ်တစ်ခုချင်းစီ (မြေယာအခွင့်အရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ခြင်း စသည်ဖြင့်)နှင့် ပတ်သက်၍ မိမိတို့၏ မဲဆန္ဒနယ်များရှိ အမျိုးသမီးနှင့် အမျိုးသားများ၏မတူကွဲပြားသည့် အတွေ့အကြုံများနှင့် လိုအပ်ချက်များအကြောင်းကို သက်ဆိုင်ရာအစုအဖွဲ့များအား မေးမြန်းပါ။

ငြိမ်းချမ်းရေးစားပွဲပေါ်၌ ဆွေးနွေးရရှိသည့် သဘောတူညီချက်များသည် အမျိုးသမီးများ၊ လူနည်းစုများနှင့် အခြားအစုအဖွဲ့များအပါအဝင် လူ့ဘောင်အသိုက်အဝန်းတစ်ခုလုံး၏ အနာဂတ်လမ်းပြမြေပုံတစ်ခုဖြစ်သည်။ ဤအစုအဖွဲ့များ စားပွဲပေါ်၌ ပါဝင်ကိုယ်စားပြုခွင့်မရပါက ၎င်းတို့၏ အနာဂတ်သည်စားပွဲပေါ်တင်ကျန်ရစ်ကာ စေ့စပ်ညှိနှိုင်းရင်း တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည့်အရဲစွန့်ရမှု အန္တရာယ်ရှိနေသည်။ အာဏာရှင်ငြိမ်းချမ်းရေး စကားဝိုင်းများက အမျိုးသမီးအခွင့်အရေးကို ဆန့်ကျင်သည့် ခေတ်နောက်ပြန်ဆွဲသော အစီအစဉ်ကို ရှေ့တန်းတင်သည့် အစွန်းရောက်လက်နက်ကိုင်တပ်ဖွဲ့ ပေါ်ပေါက်လာစေရန်ဦးတည် ပေးခဲ့သည်။ အစုအဖွဲ့တစ်ခု သို့မဟုတ် လူ့ဘောင်အသိုက်အဝန်း၏ အလွှာတစ်ခု အကျိုးဖြစ်ထွန်းစေရန် စေ့စပ်ညှိနှိုင်းသည့် ငြိမ်းချမ်းရေးအတွက် အထူးသဖြင့် လူဦးရေထက်ဝက်မကသည့် အခြားအလွှာရှိ ဘဝများကို စတေးခံ၍မရနိုင်ပါ။

# အပိုင်း (၂)

# ပိုကောင်းသည့်ငြိမ်းချမ်းရေးအတွက် လမ်းညွှန်နယ်ပယ် လေးခု - လက်တွေ့ထည့်သွင်းပါဝင်စေရန် ဖန်တီးယူနိုင်သည့် ခြေလှမ်းများ

## ဒီလက်စွဲလမ်းညွှန်ကို ဘယ်အချိန်မှာ ဘယ်လိုအသုံးပြုရမလဲ။

ကြားဝင်ဖျန်ဖြေရာ၌ တတ်နိုင်သမျှ တရားဝင်လုပ်ငန်းစဉ်မစတင်မီ လူပုဂ္ဂိုလ် အစုအဖွဲ့များနှင့် အစီအစဉ်များကို အတည်မပြုရသေးသည့် အချိန်ဖြစ်သည့် အစောဆုံးအဆင့်ကတည်းက အားလုံးပါဝင်မှုရှိခြင်းသည် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးဖြစ်သည်။ သို့သော်လည်း နောက်ကျသည်ဟူ၍ မရှိပေ။

လုပ်ငန်းစဉ်အဆင့်တစ်ခုချင်းစီ၌ တစ်ပြိုင်တည်းဖော်ဆောင်ရသည့် အပြန်အလှန် ထောက်ကူပြုလျက်ရှိသော နယ်ပယ်လေးခုရှိသည်။

- မတူကွဲပြားသည့် ဆန်းစစ်သုံးသပ်ချက်များကို အသိအမှတ်ပြု၍ **အခင်းအကျင်း၊** ပါဝင်လျက်ရှိသည့် ဇာတ်ကောင်များနှင့် နယ်ခံအကျိုးသက်ဆိုင်ပါဝင်သူများ ပါဝင်ဆောင်ရွက်ရသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်ခြင်း၊
- တရားဝင်နှင့် အလွတ်သဘောအခင်းအကျင်းများ၌ အားလုံးပါဝင်မှု ရှိစေရေးအတွက် **နိုင်ငံရေးအရ အထောက်အကူပြုခြင်း၊**
- ကျယ်ပြန့်သည့် အရေးကိစ္စများကို ကိုင်တွယ် ဆောင်ရွက်နိုင်စေရန် ၎င်းတို့၏ စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ ကျွမ်းကျင်လိမ္မာမှုများနှင့် စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာစေရန် ကျွမ်းကျင်မှုနှင့် **နည်းပညာ အကူအညီများ** ဖော်ထုတ်ပေးအပ်ခြင်း၊
- အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို အချိန်နှင့်တစ်ပြေးညီ ဖြစ်သည့် **ထောက်ပံ့ပို့ဆောင်ရေးနှင့် ငွေကြေးအကူအညီများ**ဖော်ထုတ် ပေးအပ်ခြင်း၊

BPT ၌ ဖွဲ့စည်းပြင်ဆင်ထားသည့် ထိထိရောက်ရောက် ထည့်သွင်းပါဝင်စေရေး ဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့် အသီးသီး၌ အရေးယူဆောင်ရွက်ရန် လိုအပ်သည့် နယ်ပယ်လေးခုကို မီးမောင်းထိုးပြထားသည်။

**သဘောတရားပေါ်အခြေခံ၍ ဆန်းစစ်သုံးသပ်ခြင်း**

အခင်းအကျင်းကို လေ့လာတီးခေါက်၍ အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများနှင့်အတူ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်ကို ဆန်းစစ်သုံးသပ်ပါ။

**နိုင်ငံရေးအရအထောက်အကူပြုခြင်း**

အရေးပါသည့် အစည်းအဝေးများ၊ ညီလာခံများနှင့် လူထုဆွေးနွေးတိုင်ပင်ပွဲများနှင့် ကြားဝင်ဖျန်ဖြေမှုအတွင်း အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများအား ထည့်သွင်းပါဝင်စေရန် တွန်းအားပေးပါ။

**ကြိုတင်ပြင်ဆင်မှု/ကြိုတင်ဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွင်းနှင့် အကောင်အထည်ဖော်ရေး**

**နည်းပညာအကူအညီ**

ကျား/မရေးရာ ထောက်ထား ညာတာသည့်ကျွမ်းကျင်မှုဖြင့် ပံ့ပိုးကူညီခြင်း

**ထောက်ပံ့ကူညီရေးနှင့် ငွေကြေးအထောက်အပံ့**

ခရီးသွားလာရေး၊ လုံခြုံရေး၊ ပြည်ဝင်ခွင့် ဗီဇာများနှင့် အချိန်မီရန်ပုံငွေ ထောက်ပံ့ခြင်းတို့ အားဖြင့် အမျိုးသမီးများ ပူးပေါင်းပါဝင်နိုင်အောင် ပံ့ပိုးကူညီပါ။

> *"နိုင်ငံတကာအသိုက်အဝန်းက ငြိမ်းချမ်းရေးကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုထားသလဲ။ ငြိမ်းချမ်းရေးရဲ့အဓိပ္ပာယ် ကိုယ်၌က ရှင်းလင်းသဲကွဲမှုမရှိဘဲ ဘယ်လိုလုပ် 'ငြိမ်းချမ်းရေး'လုပ်ငန်းစဉ် ရှိလာနိုင်မှာလဲ။"*
>
> Dana B၊ *ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူ (ဆီးရီးယား)*

## (၁) ကြားဝင်ဖျန်ဖြေမည့် အခင်းအကျင်းကို နားလည်သဘောပေါက်ခြင်း

၁။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ မောင်းနှင်အားများ/ဇစ်မြစ်အကြောင်းတရားများကို လေ့လာသင်ယူပါ။

၂။ ပဋိပက္ခ၏ အမျိုးသမီးနှင့် အမျိုးသားများအပေါ် သက်ရောက်ထိခိုက်မှု ကွဲပြားပုံ၊ တုန့်ပြန်အရေးဆောင်ရွက်သည့်ပုံစံနှင့် နယ်ခံလူထုလူတန်းစားများ၏ အနာဂတ်မျှော်မှန်းချက်တို့ကို မေးမြန်းတီးခေါက် ကြည့်ပါ။

၃။ ရှိရင်းစွဲနှင့် အသစ်ပေါ်ပေါက်လာသည့် အရပ်ဖက်ငြိမ်းချမ်းရေး ဇာတ်ကောင်များ အပါအဝင် ပတ်သက်ပါဝင်လျက်ရှိသည့် ဇာတ်ကောင်များ အားလုံးကို ခြေရာခံချိတ်ဆက်ပါ။ မိမိအဖွဲ့အစည်းအတွင်းရှိ ထည့်သွင်း ပါဝင်စေခြင်း/ကျား/မရေးရာ ကျွမ်းကျင်ပညာရှင် သို့မဟုတ် ဒေသခံ အရပ်ဖက်လူ့မှုအဖွဲ့အစည်းများကို မေးမြန်း စုံစမ်းပါ။

၄။ အမျိုးသမီးများ၏ အများရှေ့နှင့် နောက်ကွယ်၌ အာဏာလက်လှမ်းမီနိုင်မှုနှင့် လွှမ်းမိုးနိုင်စွမ်းမည်မျှရှိကြောင်း မေးမြန်းပါ။ သို့မှသာ ချိတ်ဆက် လွှမ်းခြုံရာ၌ အခင်းအကျင်းကို ထောက်ထား စဉ်းစားနိုင်ပြီး အမျိုးသမီးများ လုပ်ပိုင်ခွင့်လက်လွှတ်ဆုံးရှုံးရမှု နည်းပါးသွားပါလိမ့်မည်။

၅။ ၎င်းတို့၏ (က) အစီအစဉ်ပါ ခေါင်းစဉ်များအပေါ် ကျား/မရေးရာ ရှုထောင့်မှ ဆန်းစစ်သုံးသပ်ချက်၊ (ခ) အမျိုးသမီးများနှင့်လက်တွဲဆောင်ရွက်ရန် ကြိုးပမ်းခဲ့ဖူးသည့် သမိုင်းနောက်ခံ၊ (ဂ) လုံခြုံရေး၊ လူသားချင်း စာနာထောက်ထားရေးနှင့် အဓိကကျသည့်အခြားကိစ္စရပ်များအတွက် ဖြေရှင်းရေးနည်းလမ်းများကို အသုံးပြုနိုင်ရန်/တောင်းခံရယူရန် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် တွေ့ဆုံစည်းဝေးပါ။

၆။ တရားဝင် လမ်းကြောင်း(၁)လုပ်ငန်းစဉ်များမှ ပဲ့ထွက်မသွားစေရန် အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများကို ကြားဝင်ဖျန်ဖြေရေး မဟာဗျူဟာအတွင်း ထည့်သွင်းပေါင်းစပ်ပါ။

၇။ ပဋိပက္ခအတွင်းရှိ နှစ်ဖက်စလုံးမှ အမျိုးသမီး၊ အပယ်ခံအစုအဖွဲ့များနှင့် အရပ်သားပြည်သူများအား ချိတ်ဆက်လွှမ်းခြုံမှုရှိကြောင်း သေချာအောင် ဆောင်ရွက်၍ အစိုးရပေါင်းစုံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံမှုရှိသည့် လူထုဆွေးနွေးတိုင်ပင်ပွဲများ ဖော်ဆောင်ရန် ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြု၍ လိုအပ်ပါက အမျိုးသမီးများအားလုံး ပါဝင်နိုင်စေမည့် အဝန်းအဝိုင်း တစ်ခု ဖန်တီးပေးပါ။

### အရေးကြီးသည့်မှတ်ချက် -

- အမျိုးသမီးများအား "အမျိုးသမီးရေးရာ ကိစ္စရပ်များ"ကိုသာ ပြောဆိုဆွေးနွေးမှုကို ရှောင်ကြဉ်၍ ကိစ္စရပ်တိုင်း၌ ၎င်းတို့၏ အမြင်သဘောထားများကို တောင်းခံရယူကာ နယ်ပယ်အလိုက် ဆွေးနွေးပွဲများသို့ တက် ရောက်ပါဝင်စကား ပြောပေးရန် ဖိတ်ခေါ်ပါ။
- မည်သည့်အစိုးရ သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းမျှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊ လူထုဆွေးနွေးတိုင်ပင်ပွဲများ သို့မဟုတ် အကြိုပြင်ဆင်ရေး တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်လာသည့် အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများအား တိုက်ခိုက်ခြင်း၊ ထိပါးနှောက်ယှက်ခြင်း၊ ထောင်သွင်းပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆိုတင်ပို့မှုများ ပြုလုပ်လာနိုင်ခြင်း မရှိစေရန်လုံခြုံရေးအရ အာမခံချက်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ လက်နက်ကိုင် အင်အားစုများကို ကာကွယ်ပေးသကဲ့သို့ပင် အမျိုးသမီးများကိုလည်း အပြည့်အဝ အကာအကွယ် ပေးသင့်သည်။

> *"အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူတွေဟာ အန္တရာယ်အကြီးဆုံးအလုပ်ကို လုပ်နေကြရသူတွေပါ။"*
>
> သံအမတ် Don Steinberg၊ *ကမ္ဘာလုံးဆိုင်ရာသင်ယူမှုအဖွဲ့အစည်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် အင်ဂိုလာဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း*

---

## (၂) အားလုံးပါဝင်မှုရှိစေရန် နိုင်ငံရေးအရ အထောက်အကူပြုခြင်း

၁။ ကြားဝင်ဖျန်ဖြေသူ၏ လုပ်ငန်းတာဝန်၌ UNSCR 1325 အကောင်အထည်ဖော်ရေးကို ထည့်သွင်းထားရှိပါ။ အမျိုးသမီးများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်မှုကို အဓိကကျသည့် ရွေးချယ်ခန့်အပ်ရေး စံနှုန်းတစ်ရပ်အဖြစ် သတ်မှတ်ထားရှိပါ။

၂။ UNGA ၏ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖျန်ဖြေရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့် UNSCR 1325 အစီအစဉ်အတွက် မိမိတို့အဖွဲ့အစည်းမှ အခိုင်အမာသံဓိဋ္ဌာန်ချမှတ်ထားကြောင်း အများပြည်သူရှေ့နှင့် နောက်ကွယ်၌ ရည်ညွှန်းပြောဆို၍ သက်သေပြပါ။

၃။ ကျား/မမဟူ တန်းတူခံစားခွင့်ပြုရန် သံဓိဋ္ဌာန်ချ၍ မိမိအဖွဲ့အစည်းအတွင်း (စေ့စပ်ညှိနှိုင်းရေးအဖွဲ့/သံတမန်များအကြား အမျိုးသမီးများအား အနည်းဆုံး ၃၀% ကိုယ်စားလှယ်နေရာပေးရန်) ဦးစွာကျင့်ကြံ၍ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများပါ လိုက်နာကျင့်သုံးလာအောင် ကြိုးပမ်းဆောင်ရွက်ပါ။

၄။ အကျိုးပတ်သက်ပါဝင်သူများနှင့် ကြားဝင်ဖျန်ဖြေသူများအား ပုံစံမျိုးစုံဖြင့် ထည့်သွင်းပါဝင်စေနိုင်သည့် နည်းလမ်းများ/ပုံစံများကို ခင်းကျင်းပြသ၍ မည်သို့အရေးပါကြောင်း ရှင်းလင်းပြောဆိုပါ။ နည်းစနစ်တစ်ခုတည်းအပေါ် မှီခိုအားထားမှု မပြုပါနှင့်။

၅။ နိုင်ငံတကာ ကြိုတင်ပြင်ဆင်မှု၊ မဟာဗျူဟာရေးဆွဲပြင်ဆင်မှု သို့မဟုတ် အစည်းအဝေးများ/ ညီလာခံများကို အကောင်အထည်ဖော်ရာ၌ တက်ရောက်ပါဝင်၍ စကားပြောပေးရန် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို ဖိတ်ခေါ်ပါ။ အမျိုးသမီးများ ကြိုတင်ပြင်ဆင်နိုင်စေရန် အချိန်နှင့်တစ်ပြေးညီအသိပေး၍ လိုအပ်သလို ထောက်ပံ့ကူညီကာ အချိန်ပေးပါ။

၆။ ငြိမ်းချမ်းရေးသဘောတူစာချုပ်များ၌ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကိုပါ အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုး ခွင့်ပြုရန် တောင်းဆိုရာ၌ လိုင်ဘေးရီးယား၊ ဆိုမာလီယာနှင့် အိုင်ယာလန်မြောက်ပိုင်းဒေသများမှ သာဓကများကို ရည်ညွှန်းကိုးကား ပါ။

၇။ အသွင်ကူးပြောင်းရေး သို့မဟုတ် အကောင်အထည်ဖော်ရေး တာဝန်ခံအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များအတွင်း ကျား/မရေးရာ ထောက်ထားညာတာမှုပြုရန် ထည့်သွင်းပြဋ္ဌာန်းထားခြင်း ရှိမရှိ စိစစ်အတည်ပြု၍ အမျိုးသမီးများ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်ခွင့်ရရှိစေမည့် ခွဲတမ်းစနစ်များ သို့မဟုတ် အခြားနည်းလမ်းများ ပါဝင်မှုရှိမရှိ သေချာအောင် စိစစ်ဆောင်ရွက်ပါ။

၈။ အကြိုတွေ့ဆုံဆွေးနွေးပွဲများအတွင်းနှင့် အကောင်အထည်ဖော်သည့်အဆင့်များအပါအဝင် အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် နိုင်ငံတကာ အထူးတာဝန်ခရီးစဉ်များ၊ သံတမန်အဖွဲ့များနှင့် သံကိုယ်စားလှယ်များအကြား ပုံမှန်တွေ့ဆုံဆွေးနွေးသည့်အစည်းအဝေးများ စီစဉ်ဖန်တီးပါ သို့မဟုတ် ဦးစီးကျင်းပပါ။

၉။ စောင့်ကြည့်အကဲခတ်ရန်နှင့် ကျား/မရေးရာ ထောက်ထားညာတာမှုရှိကြောင်း သေချာစေရန် '၁၃၂၅' အဖွဲ့ကို ထည့်သွင်းပေါင်းစပ်၍ ၂၀၀၇ ခုနှစ် နီပေါနိုင်ငံလုပ်ငန်းစဉ်ကဲ့သို့ပင် အဖွဲ့ဝင်များအား အခြားနယ်ပယ်အလိုက်အစုအဖွဲ့များအတွင်း သတ်မှတ်တာဝန်ပေးကာ သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားအဆင့်ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပါ။

၁၀။ အကောင်အထည်ဖော်မှုကို အလေးပေးအာရုံစိုက်ရန် ငြိမ်းချမ်းရေးလိုလားသည့် အမျိုးသမီးအင်အားစုများကို ထိန်းသိမ်းထားရှိပြီး ရန်ပုံငွေထောက်ပံ့ပေးခြင်းအားဖြင့် ဖျက်လိုဖျက်ဆီး နှောက်ယှက်သူများ၏ အန္တရာယ်ကိုလျှော့ချ၍ သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း မလိုလားအပ်သည့် အပျက်သဘောဆောင်သည့် ကိစ္စရပ်များပေါ်ထွန်းလာခြင်းမရှိအောင် ဂရုစိုက်ရန် သတိပေးပါ။

## အရေးကြီးသည့်မှတ်ချက် -

- *လမ်းကြောင်း (၁) သို့မဟုတ် လမ်းကြောင်း (၂) ဆွေးနွေးပွဲများသို့ ဘာသာရေး သို့မဟုတ် မျိုးနွယ်စု ခေါင်းဆောင်များ ကဲ့သို့သော သက်ကြီး ရွယ်အိုများကို ဖိတ်ကြားမည်ဆိုပါက မည်သူသည်ယုံကြည်စိတ်ချရသူ၊ လေးစားထိုက်သူဖြစ်ပြီး လူ့အခွင့်အရေးနှင့် တန်းတူညီမျှရေး တန်ဖိုးများကို လိုက်နာကျင့်ကြံသူများဖြစ်ကြောင်း သိရှိနိုင်စေရန် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် ဆွေးနွေးတိုင်ပင်ပါ။*
- *အကယ်၍ တရားဝင်ဆွေးနွေးပွဲများ၌ ပူးပေါင်းပါဝင်မှု ကျယ်ပြန့်လာအောင် တိုးချဲ့နိုင်သည့် အတိုင်းအတာကျဉ်းမြောင်းနေလျှင်ပင်လုပ်ငန်းစဉ်တစ်လျှောက် အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် စနစ်တကျဖြင့် အဆက်အသွယ်မပြတ် ပုံမှန်ထိတွေ့ ဆောင်ရွက်ပါ။*
- *ခွဲခြားဖယ်ထုတ်သည့် လုပ်ငန်းစဉ်များ၏ လူသားချင်းစာနာထောက်ထားရေး၊ လုံခြုံရေးနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုများက ကျရှုံးသွားနိုင်သည့် အလားအလာကို ပိုမိုမြင့်တက်လာစေလျက်ရှိသဖြင့် နိုင်ငံရေးရေချိန်နှင့် ငွေကြေးအထောက်အပံ့အတွက် အားလုံးပါဝင်မှုရှိရန် လိုအပ်သည်ဟူသည့်အသိကို လူထုကြားပြန့်ပွားအောင် ဆောင်ရွက်ပါ။*
- *ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ နိုင်ငံအလိုက် ခရီးစဉ်များအတွင်း အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများ၏ အမြင်သဘောထားများကို နားထောင်ရန်အတွက် သီးသန့်တွေ့ဆုံစည်းဝေးသင့်သည်။*

အမျိုးသမီးများအား ထည့်သွင်းပါဝင် စေနိုင်ရေးအတွက် မိမိ၏ဩဇာလွှမ်းမိုးနိုင်စွမ်းကိုပါ အသုံးချရန် ကြိုတင်စဉ်းစားထားပါ။ အာဖဂန်နစ္စတန်ဆိုင်ရာ နော်ဝေးသံအမတ်ဟောင်းတစ်ဦးဖြစ်သည့် Kare Aas က "နော်ဝေးနိုင်ငံအနေနဲ့ အာဖဂန်တွေကို ငြိမ်းချမ်းရေးစားပွဲပေါ် ခေါ်လာရမည်ဆိုရင်အမျိုးသမီးတွေပါကို ပါရမယ်လို့ ကြိုတင် စည်းကမ်းသတ်မှတ်မှာပါ" ဟု ပြောဆိုခဲ့သည်။ ၎င်း၏နိုင်ငံရေးအရ ကျောထောက်နောက်ခံပြုမှုကြောင့် သံကိုယ်စားလှယ်အဖွဲ့၌ အမျိုးသမီးများပါဝင်လာခဲ့သည်။

## ဇယားကွက် (၄) အရပ်ဖက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်ရွေးချယ်ရေးအတွက် အကောင်းဆုံးအလေ့အထများ

နိုင်ငံတကာဇာတ်ကောင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်းရှိ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် အမျိုးသမီးကိုယ်စားလှယ်များကို ရွေးချယ်သတ်မှတ်ရသည့် ပြဿနာသည် ၎င်းတို့အား ထည့်သွင်းပါဝင်စေရေးအတွက်အကြီးဆုံးသော အတားအဆီးတစ်ခုဖြစ်နေသည်ဟု ကိုးကားပြောဆိုလေ့ရှိသည်။ တတိယ အတားအဆီး၌ ဖော်ပြခဲ့သည့်အတိုင်းပင် "သူတို့တွေကဘယ်သူတွေလဲ၊" "မှန်ကန်တဲ့ ကိုယ်စားပြုပါဝင်မှု ဖြစ်တယ်ဆိုတာကို သေချာအောင် ဘယ်လိုလုပ်နိုင်မလဲ" ဟူသည့် မေးခွန်းများနှင့် "တကယ်လို့ တစ်ယောက်ယောက်ကို ဖိတ်လိုက်မိ တယ်ဆိုရင် အားလုံးကိုမဖြစ်မနေဖိတ်ဖို့ လိုအပ်လာလိမ့်မယ်" ဟူသည့် အယူအဆမျိုးသည် ပဋိပက္ခအဆုံးသတ်ရေး သံမိဏ္ဍာန်ချ၍တက်ကြွလှုပ်ရှားလျက်ရှိသည့် အရပ်ဖက်လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ချန်လှပ်ထားခဲ့သည့် ရလဒ်မျိုးကိုသာ ပေါ်ထွက်လာစေလေ့ရှိသည်။

ပြောရမည်ဆိုလျှင် နယ်ခံအရပ်ဖက်လူမှုအဖွဲ့အစည်းများအား ဂွာတီမာလာနှင့် အိုင်ယာလန်မြောက်ပိုင်း၌ ဆောင်ရွက်ခဲ့သကဲ့သို့ အစည်းအဝေးခေါ်ယူ၍ ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြောက်ရန် အခွင့်အရေး ပေးလိုက်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်လိမ့်မည်။ အလွတ်သဘော ပူးပေါင်းပါဝင်စေခြင်းနှင့် ရာထူးခေါ်စာများ ဖြန့်ဝေနိုင်သည်မှန်သော်လည်း ဤနည်းလမ်းများသည် အချို့သောအခြေအနေများ၌ အလုပ်မဖြစ်ကြောင်း တွေ့ရှိရသည်။

ဤဇယားကွက်သည် ဇယားကွက်(၃) "အရပ်ဖက် လူမှုအဖွဲ့အစည်း ရွေးချယ်သတ်မှတ်ရေးစံနမူနာ" အပေါ်တည်ဆောက်ထားခြင်းဖြစ်ပြီး ကမ္ဘာ့အနှံ့ ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူများ၏ အကြံပြုချက်များနှင့်အညီ တက်ရောက်ပါဝင်သူများနှင့် ကိုယ်စားလှယ်များကို ရွေးချယ်သတ်မှတ်ရာ၌ လိုက်နာကျင့်ကြံသင့်သည့် အကောင်းဆုံး အလေ့အထများကို ရှင်းလင်းဖော်ပြထားခြင်းဖြစ်သည်။

၁။ စစ်မှန်မှု/အများယုံကြည်လက်ခံမှုကို စိစစ်အတည်ပြုရန် ကွင်းဆင်းလေ့လာ ဆန်းစစ်ချက်များနှင့် ယုံကြည်အားကိုးရသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အဆက်အသွယ်များကို အသုံးပြု၍ အကျိုးသက်ဆိုင်ပါ ဝင်လျက်ရှိသည့် ဇာတ်ကောင်များအား ချိတ်ဆက်ခြေရာခံပါ။

၂။ ဒေသခံအင်အားစုများ (ဇယားကွက် ၃ ကိုကြည့်ပါ)နှင့် ဆွေးနွေးတိုင်ပင်၍ ရွေးချယ်ရေးစံနှုန်းတစ်ရပ်ရေး ဆွဲပြင်ဆင်ပါ။ အထက်အောက် အာဏာရှင်ဆန်သည့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းများသည် အများယုံကြည်လက်ခံမှုကင်းမဲ့သွားစေနိုင်သည်။ ဦးစားပေးစံများအတွင်း ကျား/မရေးရာ ထောက်ထားညှာတာ မှုပါဝင်လျက်ရှိကြောင်း သေချာစေပြီး တိတိကျကျ အမှန်တကယ် ဖြည့်ဆည်းဆောင်ရွက်နိုင်သည့် စံသတ်မှတ်ချက်များ ဖြစ်အောင် ရေးဆွဲပြင်ဆင်ပါ။

၃။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများကို လက်လှမ်းမီနိုင်စေရန် အတွက် သမားရိုးကျမဟုတ်သည့် အင်အားစုများ အထူးသဖြင့်ကမ္ဘာ့အနှံ့ရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ကွန်ရက်များအား ချဉ်းကပ် ဆောင်ရွက်ပါ။

၄။ (က) ကျော်ကြားထင်ရှားသည့် တစ်သီးပုဂ္ဂလများကို ထပ်ခါတလဲလဲဖိတ်ခေါ်မိခြင်း၊ (ခ) 'အင်္ဂလိပ်' စကားပြောသူများဖြစ်ရမည်ဟု ကန့်သတ်ထားခြင်း၊ (ဂ) နယ်မြေဒေသ/တိုင်းရင်းသား မျိုးနွယ်စုများမျှမျှတ တပေါင်းစပ်ဖွဲ့စည်းရန် ပျက်ကွက်ခြင်းနှင့် (ဃ) ရွေးချယ်ရသည့် အကြောင်းရင်းမှန်ကိုဆွေးနွေး အသိပေးခြင်း သို့မဟုတ် ရှင်းလင်းပြောဆိုမှုမရှိခြင်း တို့ကြောင့် မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လာ ခြင်းမရှိစေရန် ရှောင်ကြည်ပါ။

၅။ တစ်ဦးချင်းထက်စာလျှင် အဖွဲ့အစည်းကို ဦးတည်ဖိတ်ကြား၍ အကြောင်းအရာပေါ် မူတည်ကာ စေလွှတ်ရမည့် ကိုယ်စားလှယ်များကို ၎င်းတို့ဘာသာ ရွေးချယ်စေလွှတ်ရန်/အဆိုပြုတင်သွင်းရန် တောင်းဆိုပါ။

၆။ ဖြစ်နိုင်မည်ဆိုပါက ရွေးချယ်ဖော်ထုတ်နိုင်ခဲ့သည့် ကိုယ်စားလှယ်များနှင့် အတူ စင်ပြိုင်အမျိုးသားအဆင့် လူထုဆွေးနွေးတိုင်ပင်ပွဲများကို စီစဉ်ကျင်းပပါ။

၇။ ကာလသက်တမ်း တိုတောင်းလျှင်ပင် လူထုအား အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးနိုင်ရန်အတွက် ဆက်ဆံရေးနှင့် တုန့်ပြန်မှတ်ချက်ပေးရေး အဝန်းအဝိုင်းများကို ထူထောင်ထားရှိပါ။ အခမ်းအနားတိုင်းသို့ အဘယ်ကြောင့် လူတိုင်းအား ဖိတ်ခေါ်၍မရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြပါ။

၈။ သက်ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပြည်တွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများကို နိုင်ငံတကာ အစည်းအဝေးများသို့ တက်ရောက်ပါဝင်ရန် ဖိတ်ခေါ်ပါ။ (ဥပမာ လူသားချင်း စာနာထောက်ထားရေး ညီလာခံသို့ ကယ်ဆယ်ရေး အဖွဲ့အစည်းများ)

၉။ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ရေးဆွဲပြင်ဆင်ထားသည့် ရွေးချယ်ရေး လုပ်ငန်းစဉ်များကို လေးစားအသိအမှတ်ပြု၍ ၎င်းတို့၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးစွက်ဖက်ခြင်းမပြုပါနှင့်။

## (၃) နည်းပညာအကူအညီပေးအပ်ခြင်း

၁။ နည်းပညာအကြံပေးများ (ဥပမာ ကုလသမဂ္ဂအရန်အဖွဲ့)နှင့် ကြားဝင်ဖျန်ဖြေရေးခေါင်းဆောင်ပိုင်းအနေဖြင့် (က) မိမိတို့၏ တာဝန်တစ်စိတ်တစ်ပိုင်းအနေဖြင့် ဝန်ထမ်းရွေးချယ် ခန့်ထားမှုအတွင်း ဤအချက်ကို စံတစ်ခုအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း၊ (ခ) တရားဝင် သင်တန်းပို့ချပေးခြင်းနှင့်(ဂ) ထည့်သွင်းပါဝင်မှု/ကျား/မ ရေးရာ အတိုင်ပင်ခံများနှင့် မိတ်ဖက်ဆောင်ရွက်ရန် ပြင်ဆင်ခြင်းတို့အားဖြင့် မိမိတို့၏ ကျွမ်းကျင်မှုနယ်ပယ်ကို ကျား/မရေးရာရှုထောင့်မှ သိမြင်နားလည်မှုရှိကြောင်း သေချာအောင်ဆောင်ရွက်ပါ။

၂။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ပေါ်ပေါက်လာနိုင်ခြေရှိသည့် အဓိက နယ်ပယ် ကဏ္ဍများအားလုံးအတွက် ကျား/မရေးရာ မူဝါဒသုံးသပ်ချက် စာတမ်းများ ရေးသားပြုစုရန် တာဝန်ပေးပါ။ အဆိုပါ စာတမ်းများကို ရေးဆွဲပြင်ဆင်ရာ၌ အငြင်းပွားလျက်ရှိသည့် အင်အားစုများအပြင် အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများနှင့်ပါ ဆွေးနွေးတိုင်ပင်ပါ။

၃။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် လက်တွဲဆောင်ရွက်ရာ၌ မှတ်တမ်းကောင်းရှိခဲ့သည့် သံကိုယ်စားလှယ်များကို ရှာဖွေ ခန့်အပ်၍ အရေးပါသည့် နယ်ပယ်ကဏ္ဍများသို့ ကျား/မရေးရာ အမြင်ကို ထည့်သွင်းပေါင်းစပ်ပါ။

၄။ နိုင်ငံရေးအဖွဲ့ဝင် တစ်ဦးဖြစ်သည့် သံကိုယ်စားလှယ်ဖြစ်သူအား တိုက်ရိုက် အစီရင်ခံရန် တာဝန်ရှိသည့် အကြီးတန်း ကျား/မရေးရာနှင့် ထည့်သွင်းပါဝင်စေရေး အတိုင်ပင်ခံတစ်ဦးကို ရွေးချယ်တာဝန်ပေးပါ။

၅။ စေ့စပ်ညှိနှိုင်းလျက်ရှိသည့် အဖွဲ့အစည်းများအားလုံးကို ပညာပေးရန် တာဝန်ယူမည့် အနှောင်အဖွဲ့ကင်းသည့် ထည့်သွင်းပါဝင်မှုပြုရေးနှင့် ကျား/မ ရေးရာ အတိုင်ပင်ခံတစ်ဦး ခန့်အပ်တာဝန်ပေးရန် တိုက်တွန်း အကြံပြုပါ။

၆။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများအား ကြားဝင်ဖျန်ဖြေရေး နှင့် စေ့စပ်ညှိနှိုင်းရေးစွမ်းရည်များ အပါအဝင်နည်းပညာ ပိုင်းဆိုင်ရာ ကိစ္စရပ်များ (ဥပမာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ၊ ရန်လိုတိုက်ခိုက်မှုရပ်ဆိုင်းရေး)အတွက်စွမ်းဆောင်ရည်မြှင့်တင်ပေးပါ။ ဤအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဆိုလျှင် ၎င်းတို့ ကိုယ်တိုင် အကောင်အထည်ဖော်သူများနှင့် စောင့်ကြည့်လေ့လာသူများ ဖြစ်လာနိုင်ပါသည်။

၇။ အတင်းအကျပ် အစုအဖွဲ့တစ်ခုအောက် သွတ်သွင်းခြင်းမပြုဘဲ အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများအကြား မဟာမိတ် တည်ဆောက်မှုကို ပံ့ပိုးကူညီပါ။ လိုအပ်သည့် အကူအညီများအတွက် ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့သာမက နိုင်ငံတကာ NGO များနှင့်ပါ လက်တွဲ ဆောင်ရွက်ပါ။

## အရေးကြီးသည့်မှတ်ချက်

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးပါသည့် နယ်ပယ်ကဏ္ဍများအတွင်း UNSCR 1325 အစီအစဉ်ကို မည်မျှထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခဲ့သနည်းဟူသည့် အချက်ပေါ်အခြေခံ၍ ကြားဝင်ဖျန်ဖြေသူများအား သုံးသပ်အကဲဖြတ်သင့်သည်။
- ကြားဝင်ဖျန်ဖြေရေးအဖွဲ့အတွင်း ကြားဝင်ဖျန်ဖြေသူ သို့မဟုတ် သံကိုယ်စားလှယ်အား တိုက်ရိုက်ပံ့မှန် လက်လှမ်းမီနိုင်စေရန်ကြားခံပေါင်းကူးပေးသည့်အနေဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများအား လိုအပ်သလိုအသိပေး၍ ပြန်ကြား ပေးရန်အတွက် လူထုဆက်ဆံရေး အရာရှိတစ်ဦး (အများပြည်သူ ဆက်သွယ်နိုင်မည့် လိပ်စာနှင့်အတူ) ခန့်အပ်တာဝန် ပေးရန် စဉ်းစားပါ။

အားလုံးပါဝင်မှုရှိသည့် ခေါင်းဆောင်မှုကို ရှေ့ဆောင်လမ်းပြရန် ပူးတွဲ အမျိုးသမီး နှင့် အမျိုးသား ကြားဝင်ဖျန်ဖြေရေးသမားများထားရှိရန် တောင်းဆိုပါ။ Graça Machel နှင့် Kofi Annan တို့ ဦးဆောင်ခဲ့ကြသည့် ၂၀၀၈ ခုနစ်ကင်ညာ နိုင်ငံ ကြားဝင်ဖျန်ဖြေရေးလုပ်ငန်းစဉ်သည် အရေးပါသည့် အစဉ်အလာ တစ်ရပ်ကို ဆောင်ကျဉ်းပေးခဲ့သည်။

## (၄) ထောက်ပံ့ပို့ဆောင်ရေးနှင့် ငွေကြေးအကူအညီပေးအပ်ခြင်း

၁။ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အမြဲလှုပ်ရှားဖန်တီးနိုင်စေရန် အတွက် ဒေသခံအဖွဲ့အစည်းများအား ပြောင်းလွယ်ပြင်လွယ်ရှိသည့် ရန်ပုံငွေ အထောက်အပံ့များကို အချိန်နှင့်တစ်ပြေးညီပေးအပ်ပါ။ လိုအပ်လာပါက အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းကောင်း ရှိ၍ ယုံကြည်စိတ်ချရသည့် INGO များမှတစ်ဆင့် ရန်ပုံငွေ ထုတ်ပေးပါ။

၂။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများအတွက် ပြည်ဝင်ခွင့် လျှောက်လွှာများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေး အထောက်အပံ့ များ ပေးအပ်ခြင်းဖြင့် လွယ်ကူမြန်ဆန်အောင် ညှိနှိုင်းဆောင်ရွက်ပေးပါ။

လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်သတ်မှတ်၍ ကိုင်တွယ် ဖြေရှင်းရန် အတွက် ထိခိုက်ခံစားခဲ့ရသည့် အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် ဆွေးနွေး တိုင်ပင်ပါ။

၃။ နိုင်ငံတကာ အခမ်းအနားများသို့ တက်ရောက်လာကြသည့် အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများ ၌ သက်ဆိုင်ရာ ဖြတ်သန်းသွားလာ ခွင့်လက်မှတ်များရရှိထားပြီး စည်းဝေးခန်းမနေရာများကို လက်လှမ်းမီ အသုံးပြုနိုင်စေရန် ပြင်ဆင်ဆောင်ရွက်ပေးပါ။

၄။ အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သို့ တက်ရောက်ပါဝင်ရုံသက် သက်မဟုတ်ဘဲ နေအိမ်၌ ကျန်ရစ်ခဲ့သည့် မိသားစုဝင်များကိုပါ ပြုစုစောင့်ရှောက်နိုင်စေမည့်ငွေကြေး အထောက်အပံ့များ ပေးအပ်ပါ။

၅။ အစည်းအဝေးတိုင်း၌ ဘာသာပြန်ထားရှိပေး၍ နည်းပညာပိုင်းအရ ကြိုတင် ပြင်ဆင်ရသည့် စာရွက်စာ တမ်းများအပါအဝင် အစည်းအဝေး မှတ်တမ်းများအားလုံးကို ဒေသသုံးဘာသာစကားဖြင့် ပြန်ဆိုပေးပါ။

၆။ အမျိုးသမီးငြိမ်းချမ်းရေး တည်ဆောက်သူများ၏ ကွန်ရက်များ အခွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်လျက်ရှိသည့် အရင်းအမြစ်များ အထူးသဖြင့် ကဏ္ဍတစ်ခုချင်းစီအလိုက် ၎င်းတို့၏ ဒေသဆိုင်ရာ ကျွမ်းကျင် နှံ့စပ်မှုနှင့်နက်နဲသည့်နည်းပညာဗဟုသုတများအလွန်အရေးပါနေသည့် အကောင်အထည် ဖော်ဆောင်ရေးအဆင့်၌ စဉ်ဆက်မပြတ်အောင် ပြင်ဆင်ပေးထားပါ။

## နဂိုးချုပ်သုံးသပ်ချက်
## အလေ့အထများနှင့် စံများကို ပြုပြင်ပြောင်းလဲခြင်း

သေနတ်သံချုပ်ငြိမ်း၍ ပုံးများအသက်မဲ့သွားစေရန်နှင့် စစ်ပွဲများကိုအဆုံးသတ်ရန် သဘောတူခြင်းဖြင့် စစ်မှန်သည့် ငြိမ်းချမ်းရေးယဉ်ကျေးမှုများ အမြစ်တွယ်လာစေရန် ဆောင်ရွက်ခြင်းသည် အမြဲတမ်းလိုလို ခက်ခဲနေဦးမည်ဖြစ်သော်လည်း အာဃာကို ဆုပ်ကိုင်ထားနိုင်သည့် ဖြတ်လမ်းတစ်ခုကဲ့သို့ အကြမ်းဖက်မှုအပေါ် သက်ဝင်ယုံကြည်လျက်ရှိသည့် လက်တစ်ဆုပ်စာ လူနည်းစု၏လက်ဝယ် ဝကွက်အပ်နှံထားခဲ့မည်ဆိုပါက စစ်ပွဲများနှင့် ၎င်းတို့၏မောင်းနှင်အားများ ဆက်လက်သက်ဆိုးရှည်နေဦးမည်ဖြစ်သည်။ တိုက်ခိုက်မှုများကို အဆုံးသတ်ရန် အာဘောင်အာရင်းသန်၍ အကြမ်းဖက်တတ်သည့် အဆိုပါလူနည်းစုကို လိုအပ်လျက်ရှိသဖြင့် အသံမထွက်ဘဲ အေးချမ်းစွာနေလိုသူများကို ဥပေက္ခာပြု၍မရသလို သက်ဝင်လှုပ်ရှားလျက်ရှိသည့် လူနည်းစုကိုလည်း အလားတူအလေးပေးအာရုံစိုက်ရန် လိုအပ်ပါသည်။

ရက်စက်ကြမ်းကြုတ်၍ ရှုပ်ထွေးပွေလီလွန်းလှသည့် ပဋိပက္ခများအလယ်ရောက်ရှိနေသည့် ဆီးရီးယား၊ အာဖဂန် နစ္စတန်၊ ဆူဒန် သို့မဟုတ် မြန်မာနိုင်ငံကဲ့သို့သော အခြေအနေမျိုး၌ပင် လူထုလူတန်းစားအများစုသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်နှင့် မိမိတို့ကိုယ်တိုင်နှင့် မိသားစုဘဝများ ပုံမှန်အတိုင်း ဆက်လက်ရှင်သန်ရပ်တည်နိုင်စေရန် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အခင်းအကျင်းအားလုံး၌ လက်တစ်ဆုပ်စာအရပ်သား လူထုလူတန်းများသည် မိမိတို့၏ လူ့အဖွဲ့အစည်းနှင့် နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် မိမိတို့၏ တန်ဖိုးထားမှုများနှင့် ခိုင်ကြည်သည့် ယုံကြည်ချက်များကို အားကိုးအားထားပြု၍ သတ္တိရှိရှိဖြင့် ကိုယ့်စရိတ်ကိုယ်ခံ ရှေ့ထွက်လာခဲ့ကြ သည်။ ၎င်းတို့၌ အမြင်သဘောထားများနှင့် အသံများသည် ပရမ်းပတာဖြစ်ကောင်း ဖြစ်နေနိုင်သော်လည်း ၎င်းတို့၏ အကြမ်းဖက်မှုကို အဆုံးသတ်လိုသည့် ရဲစွမ်းသတ္တိ၊ ခိုင်မာသည့်သံဓိဋ္ဌာန်နှင့် လူ့ဘောင်အသိုက်အဝန်း အတွက်ထားရှိသည့် စိတ်ကူးအိပ်မက်တို့သည် လူမှုရေးတရားမျှတမှုနှင့် တန်းတူညီမျှရေးတို့အပေါ် ခြေကုပ်ယူ ထားသဖြင့် အလွန်အရေးပါသည့် ဇာတ်ကောင်များဖြစ်ကြသည်။ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အနာဂတ် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ပိုင်ခွင့်နှင့်အတူ ၎င်းတို့၏ အရေးပါအရောက်မှုကို လေးစားအသိအမှတ်ပြုရန်လို အပ်သည်။

ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများကို ကျဉ်းမြောင်းသည့် လုံခြုံရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များ အဖြစ်သာ တွေးထင်ယူဆထားသည့် စံနှုန်းများကို လူမှုရေး ဆိုင်ရာ လုပ်ငန်းစဉ်များအဖြစ်ပါ သဘောထားသည့် အယူအဆမျိုးအဖြစ် ပြောင်းလဲဖော်ဆောင်ရန်လိုအပ်သည်။ ငြိမ်းချမ်းရေးစားပွဲကို အာဏာခွဲဝေရေးလွန်ဆွဲအားပြိုင် ကြသည့် နေရာတစ်ခုအဖြစ် သတ်မှတ်ခြင်းထက် စစ်ပွဲဒဏ်သင့်လူထုလူတန်းစားများကို ပြန်လည်ထူထောင်ပေးရန် တာဝန်များကို ညှိနှိုင်းခွဲဝေယူသည့် နေရာတစ်ခုဖြစ်သင့်သည်။

ခေတ်သစ်စစ်ပွဲများအတွင်း ကန့်သတ်ချန်လှပ်ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြင့် အခွန့်ရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကိုဆောင်ကျဉ်းပေးနိုင်သည်ဟု ထင်မြင်ယူဆခြင်းသည် စိတ်ကူးယဉ်ဆန်လွန်းရာကျနေပါသည်။ အရပ်ဖက် ငြိမ်းချမ်းရေးတည်ဆောက်သူများဖြစ်သည့် အမျိုးသမီးနှင့် အမျိုးသားများကို ထည့်သွင်း ပါဝင်စေခြင်းသည် မျက်မှောက်ခေတ် လက်နက်ကိုင် ပဋိပက္ခများကို ထိထိရောက်ရောက် ကာကွယ်တားဆီးရေး၊ ဖျန်ဖြေရေးနှင့် အသွင်ကူးပြောင်းရေး အတွက်မရှိမဖြစ်လိုအပ်သည့် အနစ်သာရတစ်ခုထက် ပိုလာပြီဖြစ်သည်။ ပိုကောင်းသည့်ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်သည် ညီညွတ်မျှတစွာ ထည့်သွင်းပါဝင် စေရေး အတွက် နီးကြားသတိရှိ၍ ယုတ္တိကျသည့် ခြေလှမ်းများကို ပြင်ဆင်ပေးထားခြင်း ဖြစ်သည်။

## ပူးတွဲဖိုင် (၁)
## အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ[27]

| ဆုံးဖြတ်ချက်/နှစ် | အကြောင်းအရာ |
|---|---|
| ၁၃၂၅/၂၀၀၀ | အမျိုးသမီးများ၏ ပဋိပက္ခ အတွေ့အကြုံများနှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ထိန်းသိမ်း စောင့်ရှောက်မှု အကြား ဆက်နွယ်မှုကို အသိအမှတ်ပြု၍ ပဋိပက္ခ ဖျန်ဖြေရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွင်း **အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် တန်းတူပါဝင် ဆောင်ရွက်မှုကို ခွင့်ပြုပေးရန် တိုက်တွန်းနှိုးဆော်ထား** သကဲ့သို့ ငြိမ်းချမ်းရေး လုပ်ငန်းများအတွင်း ကျား/မရေးရာ သဘောတရားကို ထည့်သွင်းစဉ်းစားရန် တောင်းဆို ထားသည်။ |

27. UN Women, United States Institute of Peace, The Institute for Inclusive Security, Women in International Security, Crisis Management Initiative, Athena Consortium, The Global Network of Women Peacebuilders, Swisspeace

၁၈၂၀/၂၀၀၈ ပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်ရေးနည်းဗျူဟာတစ်ရပ် အဖြစ် ပထမဦးဆုံးအကြိမ် အသိအမှတ်ပြုသည့် ဆုံးဖြတ်ချက် တစ်ခုဖြစ်ပြီး ပဋိပက္ခကာကွယ် တားဆီးရေးနှင့် ဖျန်ဖြေရေး ဆိုင်ရာ **ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးရန်** မီးမောင်းထိုးပြထားသည်။

၁၈၈၈/၂၀၀၉ ၁၈၂၀ ကို အကောင်အထည်ဖော်မည့် လက်စွဲကိရိယာ များကို ထပ်လောင်းအားဖြည့်ပေးပြီး **အမျိုးသမီး ကြားဝင် ဖျန်ဖြေသူများ ကင်းမဲ့နေခြင်း** အပေါ် စိုးရိမ်မိကြောင်း ဖော်ပြခြင်းဖြင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုရေးရာ အထူးကိုယ်စားလှယ်တစ်ဦး ခန့်အပ်တာ ဝန်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်း တောင်းဆို ထားသည်။

၁၈၈၉/၂၀၀၉ ညွှန်းကိန်းများ ရေးဆွဲပြင်ဆင်ခြင်း၊ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တိုးတက်ဖြစ်ထွန်းမှုကို တိုင်းတာအစီရင်ခံ၍ စောင့် ကြည့်လေ့လာခြင်းများအပါအဝင် ပဋိပက္ခလွန်ကာလနှင့် **ငြိမ်း ချမ်းရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး** ထပ်လောင်းနှိုး ဆော်ထားသည်။

၁၉၆၀/၂၀၁၀ ပဋိပက္ခအတွင်း ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုအတွက် တာဝန်ခံသည့် စနစ်တစ်ရပ် ပြင်ဆင်ပေးပြီး **တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွင်းအမျိုးသမီး များပါ ဝင်ဆောင်ရွက်ခွင့် မြင့်မားတိုးတက်လာအောင်** ကြိုးပမ်း ဆောင်ရွက်ပေးရန် တိုက်တွန်းတောင်းဆိုထား သည်။

၂၁၀၆/၂၀၁၃ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းလမ်းညွှန် ကို ပြင်ဆင်ပေးထားပြီး အမျိုးသမီးကာကွယ်စောင့်ရှောက်ရေး အတိုင်ပင်ခံများကို တိုးမြှင့် စေလွှတ်ပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။

၂၁၂၂/၂၀၁၃ ဆုံးဖြတ်ချက်ချမှတ်ရာ၌ **အမျိုးသမီးများတန်းတူ အပြည့် အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ပံ့ပိုး ဆောင်ရွက်ပေးရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌**ပါဝင်လျက်ရှိသည့်အင်အားစု များအားလုံးကို တိုက်တွန်းတောင်းဆိုထားသည်။ ပဋိပက္ခ နယ်မြေများအတွင်း နေထိုင်လျက်ရှိသည့် အမျိုးသမီးများ အတွက် အရင်းအမြစ်များ တိုးမြှင့်ရရှိစေရန်ဆောင်ရွက် ပေးခြင်းဖြင့် **ငြိမ်းချမ်းရေး ဖော်ဆောင်မှုအတွင်းအမျိုးသမီး များ၏ ပါဝင်ဆောင်ရွက်ခွင့်ကို** မြှင့်တင်ပေးရန် ရည်ရွယ် ခြင်းဖြစ်ပြီး **အမျိုးသမီး အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏** အရေးပါသည့်ထည့်ဝင် ကူညီမှုကို အသိအမှတ် ပြုထား သည်။

၂၂၄၂/၂၀၁၅ ၁၅ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဖြစ်ပြီး ဆုံးဖြတ်ချက် ၁၃၂၅ ကတိကဝတ်ကို ထပ်လောင်းခိုင်မာ စေပြီး အကြမ်းဖက်သည့် အစွန်းရောက်ဝါဒကို တန်ပြန် တိုက်ခိုက်ရာ၌ အမျိုးသမီးများ၏ အရေးပါသည့် အခန်း ကဏ္ဍကို မီးမောင်းထိုးပြ၍ အမျိုးသမီးနှင့် မိန်းကလေးငယ် များ၏ လူ့အခွင့်အရေးအပေါ်သက်ရောက် လျက်ရှိသည့် အစွန်းရောက် အကြမ်းဖက်ဝါဒ၏ ထိခိုက်မှု ပုံစံအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းထားသည်။

## ပူးတွဲဖိုင် (၂)
## ဆွေးနွေးတိုင်ပင်ခဲ့သည့် အဖွဲ့အစည်းများနှင့် မိတ်ဖက်များ

The Afghan Women's Network (AWN)

The African Centre for the Constructive Resolution of Disputes (ACCORD)

African Leadership and Reconciliation Ministries (ALARM)

Athena Consortium

Berghof Foundation

Casa de la Mujer

Center for Peace Mediation Centre for Humanitarian Dialogue (HD)

Centre for Mediation in Africa (CMA)

Centre for Peace and Conflict Studies (CPCS)

Conciliation Resources (CR)

Crisis Management Initiative (CMI)

EVE Organization for Women Development

Folke Bernadotte Academy

Foundation for Tolerance International (FTI)

Generation in Action Global Network of Women Peacebuilders (GNWP)

Initiative on Quiet Diplomacy Institute for Inclusive Security (IIS)

International Peace Institute (IPI)

Mediation Support Network (MSN)

Mobaderoon:

Active Citizens in Syria Mujeres por la Paz

Nairobi Peace Initiative-Africa (NPI-Africa)

Peace Research Institute Oslo (PRIO)

Search for Common Ground (SFCG)

SERAPAZ Southeast Asian Conflict Studies Network (SEACSN)

Swisspeace

Syrian Women's Initiative for Peace and Democracy (SWIPD)

United Nations Department of Political Affairs (UNDPA)

Members of the United Nations Standby Team of Mediation Advisors

United States Institute of Peace (USIP)

Women Engaged in Action on 1325 (WE Act 1325)

West Africa Network for Peacebuilding (WANEP)

Women's International League for Peace and Freedom (WILPF)

မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်မှုများကို အပြည့်အစုံသိရှိလိုပါက www.betterpeacetool.org ကို ဝင်ရောက်ကြည့်ရှုပါ။

## ပူးတွဲဖိုင် (၃)
## အသုံးဝင်သည့် အရင်းအမြစ်များ

### အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု


Radhika Coomaraswamy, Preventing Conflict, Transforming Justice, Securing the Peace: A Global Study on the Implementation of the United Nations Security Council resolution 1325. UN Women, 2015. http://wps.unwomen.org.

Marie O'Reilly, Andrea Ó Súilleabháin, and Thania Paffenholz, "Reimagining Peacemaking: Women's Roles in Peace Processes." International Peace Institute, 2015.

Thania Paffenholz, Antonia Potter Prentice, Cate Buchanan, "Fresh Insights on the Quantity and Quality of Women's Inclusion in Peace Processes," CCDP Policy Brief, 2015.

Women's Participation in Peace Negotiations: Connections Between Presence and Influence," UN Women, 2012.

Christine Bell and Catherine O'Rourke, "Peace Agreements or 'Pieces of Paper'?: The Impact of UNSC Resolution 1325 on Peace Processes and their Agreements," International and Comparative Law Quarterly, 2010: Vol. 59, No. 4, pages 941–980.

Desirée Nilsson, "Anchoring the Peace: Civil Society Actors in Peace Accords and Durable Peace," International Interactions, 2009: Vol. 38, No. 2, pages 243–266.

Sanam Naraghi-Anderlini, Women Building Peace: What They Do, Why it Matters. Boulder: Lynne Rienner Publishers, 2007.


### အမျိုးသမီး၊ ကျား/မရေးရာ တန်းတူညီမျှရေးနှင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းများ


Voice and Agency: Empowering Women and Girls for Shared Prosperity, World Bank, 2014.

Valerie Hudson, Bonnie Ballif-Spanvill, Mary Caprioli, and Chad F. Emmett, Sex and World Peace. New York: Columbia University Press, 2012.

အောက်တွင်သာဓကဖော်ပြထားသည့် အဖွဲ့အစည်းများသည် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ကျွမ်းကျင်နှံ့စပ်မှုရှိပြီး အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများ၏ ကွန်ရက်များကို ထိန်းသိမ်းလည် ပတ်နေသည့် အဖွဲ့အစည်းများဖြစ်သည်။

ICAN (icanpeacework.org), the Global Network of Women Peacebuilders (gnwp.org), the Institute for Inclusive Security (inclusivesecurity.org), the Women Peacemaker's Program (womenpeacemakersprogram.org) and PeaceWomen (peacewomen.org).

## ပိုကောင်းသည့် ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်အပေါ် သုံးသပ်ချက်များ

*"ဒီလက်စွဲလမ်းညွှန်က အရမ်းကိုအံ့ဝင်ခွင်ကျဖြစ်တယ်။ နှစ်ပေါင်းများစွာ ကျနော်တို့ လိုအပ်နေခဲ့တဲ့ အရာတစ်ခုပါပဲ။"*

Scilla Elworthy၊ ငြိမ်းချမ်းရေးတည်ဆောက်သူနှင့် Oxford သုတေသနအဖွဲ့ကို တည်ထောင်သူ

*"ဒီအစီရင်ခံစာက အရမ်းကို စိတ်ဝင်စားဖို့ကောင်းတယ်။ ပြောရမယ်ဆိုရင်တော့ ရေးခဲ့သမျှထဲက အကောင်းဆုံးတစ်ခုပါ။"*

သံအမတ် Kare Aas၊ အမေရိကန်ဆိုင်ရာ နော်ဝေးသံအမတ်ကြီး

*"လက်တွေ့ကျတဲ့ သုတေသနနဲ့ နက်နဲတဲ့ဥာဏ်ပညာကနေ ဆင်းသက်လာခဲ့တဲ့ အကောင်းဆုံးလက်ရာမွန်တစ်ခုပါပဲ။"*

Youssef Mahmoud၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးအစည်းအရုံး၏ အကြီးတန်းအကြံပေး

*"BPT က အတော်လည်းကို ပြောင်မြောက်ပါတယ်။ အရမ်းကောင်းတဲ့ သတင်းအချက်အလက်တွေ အလျှံပယ်ပါနေသလို လက်တွေ့ကျင့်သုံးမဲ့သူတွေအတွက်လည်း အလွယ်တကူလက်လှမ်းမီစေပါတယ်။ ပထဝီမြေကမ္ဘာတစ်လွှား ပြန့်ကျဲနေတဲ့ အထောက်အထားတွေကို တစ်စုတစ်စည်းတည်း ရေးဆွဲပြင်ဆင်ထားတဲ့အတွက် သူ့အမျိုးအစားထဲမှာတော့ ကျယ်ပြန့်ပြည့်စုံမှုအရှိဆုံး လမ်းညွှန်တစ်ခုပါပဲ။"*

သံအမတ်ကြီး Don Steinberg၊ အင်ဂိုလာဆိုင်ရာ အမေရိကန်သံအမတ်ဟောင်းနှင့် World Learning အဖွဲ့အစည်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

## ဘာကြောင့် ပိုကောင်းတဲ့ ငြိမ်းချမ်းရေးလက်စွဲလမ်းညွှန်ကို လိုအပ်ရသလဲ။

*"အရပ်ဖက်လူ့အဖွဲ့အစည်းတွေနဲ့ အမျိုးသမီးတွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ ချန်လှပ်ထားခြင်းရဲ့ အရဲစွန့်ရမှုကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာကို ရှိလာတော့မှာမဟုတ်ဘူး။"*

ဥပဒေပြုအထက်လွှတ်တော်အမတ် Mobina Jaffer၊ ကနေဒါဥပဒေပြုလွှတ်တော်အမတ်နှင့် ဆူဒန်ဆိုင်ရာ ကနေဒါသံကိုယ်စားလှယ်ဟောင်း

*"ငြိမ်းချမ်းရေးလုပ်နေတဲ့ ပုံစံအပေါ်မှာ ကျနော်တို့ မေးခွန်းထုတ်ဖို့လိုတယ်။ ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းဖို့ လိုအပ်တာနဲ့ တိုက်ခိုက်မှုတွေ ရပ်ဆိုင်းဖို့ဆွေးနွေးတာ လုံးဝမတူပါဘူး။"*

Rosa Emilia Salamanca၊ CIASE ၏ အမှုဆောင်ညွှန်ကြားရေးမှူးချုပ်
(Corporación de Investigación y Acción Social y Económica)၊ Colombia

ICAN International Civil Society Action Network
For women's rights, peace and security

A.G.I.P.P Alliance for Gender Inclusion in the Peace Process

International Civil Society Action Network (ICAN)
1779 Massachusetts Ave, NW Suite 710
Washington DC 20036 USA
www.icanpeacework.org